# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၉၄)၊ ၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်၊ ၄-၃-၂၀၂၆၊ ဗုဒ္ဓဟူးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

မျက်စိဖြင့်(အကုသိုလ် မဖြစ်အောင်)စောင့်စည်းခြင်းသည် ကောင်း၏။ နားဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။ နှာခေါင်းဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။ လျှာဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။ (ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## စက်သုံးဆီ ခြိုးခြံချွေတာသုံးစွဲရေးအတွက် ပြည်သူသို့ အသိပေးကြေညာချက်

နေပြည်တော်၊ မတ်လ ၃ ရက်

၁။ လက်ရှိကမ္ဘာ့နိုင်ငံရေးအခြေအနေများအရ အရှေ့အလယ်ပိုင်းဒေသအတွင်း၌ စစ်ရေးပဋိပက္ခများကြောင့် လောင်စာဆီတင်သွင်းသည့်သင်္ဘောများဖြင့် သယ်ယူပို့ဆောင်ရာ ရေလမ်းကြောင်းတစ်လျှောက်တွင် အတားအဆီး၊ အဟန့်အတားပိတ်ဆို့မှုများ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ အထက်ပါအခြေအနေများကြောင့် စက်သုံးဆီခြိုးခြံချွေတာရေးနှင့် ဖူလုံမှုရှိစေရေးအတွက် ၂၀၂၆ ခုနှစ်၊ မတ်လ ၇ ရက်မှစတင်၍ ပုဂ္ဂလိကယာဉ်များ၊ လုပ်ငန်းသုံးယာဉ်များနှင့် သယ်ယူပို့ဆောင်ရေးယာဉ်များသည် အောက်ပါစည်းကမ်းသတ်မှတ်ချက်များနှင့်အညီ မောင်းနှင်အသုံးပြုရန်ဖြစ်ပါသည်-

(က) လစဉ် "စုံ" ရက်များတွင် စုံနံပါတ်အက္ခရာပါသောယာဉ်များ (ဥပမာ- 2A/----၊ 4A/---- စသည်ဖြင့်)၊ "မ"ရက်များတွင် မနံပါတ်အက္ခရာပါသောယာဉ်များ (ဥပမာ-1A/----၊ 3A/---- စသည်ဖြင့်) စသည့်ပုဂ္ဂလိကပိုင်ယာဉ်များသာ မောင်းနှင်အသုံးပြုရန် ဖြစ်ပါသည်။ (EV မော်တော်ယာဉ်/EV မော်တော်ဆိုင်ကယ်များ နေ့စဉ်မောင်းနှင်နိုင်သည်။)

(ခ) နေ့စဉ် အများပြည်သူသယ်ယူပို့ဆောင်ရေးမော်တော်ယာဉ်များ၊ အငှားယာဉ်များ (Taxi)၊ စက်သုံးဆီသယ်ယူပို့ဆောင်သည့်ယာဉ်များ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးယာဉ်များ၊ ကုန်စည်ပို့ဆောင်ရေးယာဉ်များ၊ လူနာတင်ယာဉ်/ မီးသတ်ယာဉ်များနှင့် စည်ပင်အမှိုက်သိမ်းယာဉ်များ အသုံးပြုနိုင်သည်။

(ဂ) စက်သုံးဆီလုပ်ငန်းရှင်များသာမက အများပြည်သူအနေဖြင့် စက်သုံးဆီများ ဝယ်ယူစုဆောင်းခြင်းနှင့် ဈေးနှုန်းမြှင့်တင်၍ ရောင်းချခြင်းများ လုံးဝမပြုလုပ်ရန် ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ အထက်ပါစည်းကမ်းသတ်မှတ်ချက်များသည် ထပ်မံ၍တစ်စုံတစ်ရာထုတ်ပြန်မှုမရှိသည့်အချိန်အထိ အတည်ဖြစ်ကြောင်းနှင့် အဆိုပါစည်းကမ်းသတ်မှတ်ချက်များအား ဖောက်ဖျက်ကျူးလွန်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ "Sberbank" ၏ အိန္ဒိယဘဏ်ခွဲမှ ဒုတိယမန်နေဂျင်းဒါရိုက်တာ မစ္စတာ အန်ဒရီ အာနီစီမော့စ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

### နှစ်နိုင်ငံအကြား ငွေကြေးလွှဲပြောင်းမှုနည်းလမ်းများနှင့် ငွေကြေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာဆိုင်ရာကိစ္စရပ်များ အမြင်ချင်းဖလှယ် ဆွေးနွေး

နေပြည်တော် မတ် ၃

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ "Sberbank" ၏ အိန္ဒိယဘဏ်ခွဲမှ ဒုတိယမန်နေဂျင်းဒါရိုက်တာ မစ္စတာ အန်ဒရီ အာနီစီမော့စ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့တွင် ရုံးအမှတ် (၁) နေပြည်တော်၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

တွေ့ဆုံစဉ် မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့်ရင်းနှီး မြှုပ်နှံမှုများအတွက် ငွေပေးချေမှုလွယ်ကူချောမွေ့စေရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား ငွေကြေးလွှဲပြောင်းမှုနည်းလမ်းများ နှင့် ငွေကြေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်



## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းမည်

နေပြည်တော် မတ် ၃

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် သာယာနေပါသည်။

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီးပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အနည်းငယ်ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အနည်းငယ် ဖြစ်ထွန်းမည်။

မိုး/ဇလ

၀-၀-၀-၀-၀

၂၀၂၆ ခုနှစ်၊ မတ် ၄ ရက်၊ ဗုဒ္ဓဟူးနေ့။

## နိုင်ငံတကာအဆင့်မီ အပန်းဖြေဌာန တည်ဆောက်ဖွင့်လှစ်

တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်တက္ကသိုလ်များ နယ်မြေ (ရေဆင်း)၌ ကျောင်းသား၊ ကျောင်းသူများ အပန်းဖြေဌာန (Recreation Center)ကို မတ် ၂ ရက် နံနက်ပိုင်းက ဖွင့်လှစ်ခဲ့သည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမင်းနောင်နှင့် တာဝန်ရှိသူများက တက္ကသိုလ်များနယ်မြေ (ရေဆင်း)ကျောင်းသား၊ ကျောင်းသူများ အပန်းဖြေဌာန (Recreation Center) အဆောက်အအုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ အဆောက်အအုံကမ္ပည်းကျောက်ပြားကို ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ပြည်ထောင်စုဝန်ကြီးက ဖွင့်ပွဲ၌ပြောကြားရာတွင် တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် နိုင်ငံတော်၏စားရေရိက္ခာဖူလုံရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အဆင့်မြင့်ပညာရပ်များကို သင်ကြားပို့ချပေးလျက်ရှိသော တက္ကသိုလ်များတည်ရှိရာ တက္ကသိုလ်များနယ်မြေ(ရေဆင်း)၌ ကျောင်းသား၊ ကျောင်းသူများ အပန်းဖြေဌာန (Recreation Center)ကို ဖွင့်လှစ်နိုင်ခြင်းအတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ စားရေရိက္ခာဖူလုံရေးနှင့် သဘာဝသယံဇာတများကို ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် အဓိကကျသည့် ပညာရှင်လူသားအရင်းအမြစ်များကို မွေးထုတ်ပေးနေသော ပညာ့ဗိမာန်ကြီးများတွင် ပညာသင်ယူလျက်ရှိကြသည့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် နိုင်ငံတော်ငြိမ်းချမ်းသာယာရေး၊ ပြည်သူလူထု၏ လူမှုစီးပွားဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ စားရေရိက္ခာနှင့် အာဟာရဖူလုံရေး၊ ရေရှည်တည်တံ့ပြီး အရည်အသွေးပြည့်ဝသော သဘာဝပတ်ဝန်းကျင်ဖြစ်ပေါ်ရေးအတွက် အရေးပါသည့် အဖိုးတန်လူ့စွမ်းအားအရင်းအမြစ်များဖြစ်ကြသည်နှင့်အညီ စာရိတ္တ၊ မိတ္တ၊ ဘောဂ၊ ဉာဏနှင့် ကာယ စသော ဗလငါးတန် အမှန်တကယ် ဖွံ့ဖြိုးကြရမည့်သူများလည်းဖြစ်ပါကြောင်း၊ ပညာသင်ယူစဉ်ကာလတွင်ရရှိခဲ့သည့် တက္ကသိုလ်များအချင်းချင်း ရင်းနှီးကျွမ်းဝင်မှု၊ နားလည်မှုများသည် လုပ်ငန်းခွင်အသီးသီး၌ တာဝန်ထမ်းဆောင်ကြချိန်တွင် ကောင်းမွန်သော ပူးပေါင်းဆောင်ရွက်မှု အကျိုးကျေးဇူးများကို ဖြစ်ပေါ်စေမည်ဖြစ်ပါကြောင်း ပြောကြားသည်။

နိုင်ငံတကာအဆင့်မီ အပန်းဖြေဌာန (Recreation Center) သည် တက္ကသိုလ်များ၏ ရင်းနှီးပေါင်းဖက်မှုကိုဖြစ်ပေါ်စေရန်၊ ကျောင်းသား၊ ကျောင်းသူများ၏ အားကစားလှုပ်ရှားမှုများ ဆောင်ရွက်နိုင်ပြီး ကိုယ်စိတ်အပန်းဖြေရန်၊ တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ရင်းနှီးမှုများ တည်ဆောက်နိုင်ကြစေရန် ရည်ရွယ်တည်ဆောက်ပေးခြင်းဖြစ်၍ ထိရောက်အကျိုးရှိစွာ အသုံးပြုသွားကြရန်လိုအပ်မည်ဖြစ်သည်။

တက္ကသိုလ်များနယ်မြေ(ရေဆင်း)ရှိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်များမှ ကျောင်းသား၊ ကျောင်းသူများ အသုံးပြုနိုင်ရန် အပန်းဖြေဌာန (Recreation Center) ကို နိုင်ငံတကာအဆင့်မီ တည်ဆောက်ပေးထားပြီး ဖွဲ့စည်းထားပုံအရ ဘတ်စကက်ဘောနှင့် ဘော်လီဘောပြိုင်ပွဲများအပါအဝင် ခန်းမအတွင်း အားကစားပြိုင်ပွဲများကျင်းပနိုင်ကာ ပွဲကြည့်စင်တွင် စုစုပေါင်းဧည့်ပရိသတ် ၄၃၈ ဦး ကြည့်ရှုအားပေးနိုင်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## စူဠာမုနိရုပ်ရှင်တော်မြတ် ဘက်စုံအသုံးပြုနိုင်ရန် အလှူငွေလှူဒါန်း

**မန္တလေး မတ် ၃**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ် မဟာအတုလဝေယန် အတုမရှိကျောင်းတော်ကြီးတွင် ကိန်းဝပ်စံပယ်တော်မူသော စူဠာမုနိ ရုပ်ရှင်တော်မြတ်ကြီး အတွက် စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် ဘက်စုံအသုံးပြုနိုင်ရန် အလှူငွေကျပ် (၁၁)သိန်းကို ယနေ့ နံနက်ပိုင်းက မဲကင်းကုန်း စစ်မှုထမ်းဟောင်းအိမ်ရာ တိုက်(၈-၂၁)၊ အခန်း (၃)နေ ဦးကျော်ကျော်ဝေ+ဒေါ်မြင့်မြင့်သင်း မိသားစုတို့က လာရောက် လှူဒါန်းရာ စူဠာမုနိရုပ်ရှင်တော်မြတ်ကြီး ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က လက်ခံရယူပြီး ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။



(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၅)

**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ



**မန္တလေး မတ် ၃**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်၊ အိုးဘို-၁ လမ်း၊ ၇၅လမ်းနှင့် ၇၆ လမ်းကြား၊ အိုးဘိုရပ်ကွက်နှင့် အမရပူရမြို့နယ်၊ ရွှေကြက်ယက်ကျေးရွာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ ဈေးဝတီကမ်းနားလမ်းတို့တွင် ရောင်းချပေးခဲ့သည်။

(ဝဲပုံ)

သက်သာဈေးရောင်းချမည့် အစီအစဉ်များမှာ မတ် ၄ ရက်တွင် မဟာအောင်မြေမြို့နယ်၊ တက္ကသိုလ်ရွှေ ၇၃ လမ်း၊ လမ်း ၄၀လမ်းနှင့် ၄၁လမ်းကြားနှင့် ချမ်းမြသာစည်မြို့နယ်၊ မြို့သစ် (၄)ရပ်ကွက်၊ ၆၄ လမ်းနှင့် ၁၁၁ လမ်းထောင့်၊ ဓမ္မာရုံရှေ့တို့တွင်လည်းကောင်း၊ မတ် ၆ ရက်နေ့တွင် ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ) ရပ်ကွက်၊ ၅၈ လမ်း၊ ၁၂၈လမ်းနှင့် ၁၂၉လမ်းကြားတွင်လည်းကောင်း၊ မတ် ၇ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလှံ့ရပ်ကွက်၊ ၂၇ လမ်း၊ ၇၁ လမ်းနှင့် ၇၂ လမ်းကြားနှင့် အမရပူရမြို့နယ်၊ ဆင်စွယ်ပွတ်ရပ်ကွက်၊ ပန်းပဲတန်းရပ်၊ တောင်မြို့ဆေးရုံမြောက်ဘက်၊ မဟာဂန္ဓာရုံ အနောက်ဘက်တို့တွင်လည်းကောင်း ပုံမှန်ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှု အစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေနှင့် တာဝန်ရှိသူများ၊ ဈေးနှင့် သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆)

၀-၀-၀-၀-၀

## မီးဘေးလုံခြုံရေး ဆောင်ရွက်ထားရှိမှုများ ကွင်းဆင်းစစ်ဆေး

**သရက် မတ် ၃**

မကွေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးမျိုးလှိုင်သည် သရက်ခရိုင်မီးသတ်ဦးစီးမှူး၊ မင်းလှမြို့နယ် မီးသတ်ဦးစီးမှူး၊ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးမှ အင်ဂျင်နီယာများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ မင်းလှမြို့နယ် မန်းသံပုရာကန်ရေနံချက်စက်ရုံသို့ ယနေ့ နံနက်ပိုင်းက ရောက်ရှိ၍ စက်ရုံ၏မီးဘေးလုံခြုံရေးဆောင်ရွက်ထားရှိမှုများ၊ မီးတားလမ်း ဖောက်လုပ်ထားရှိမှုများအား သွားရောက်စစ်ဆေးခဲ့သည်။

ထိုသို့ စစ်ဆေးရာတွင် စက်ရုံမှူးနှင့် လုံခြုံရေးဌာနမှူးတို့က စက်ရုံအတွင်းဆောင်ရွက်ထားရှိသောမီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ မီးတားလမ်းဖောက်လုပ်ထားရှိမှုများ၊ စက်ရုံမီးသတ်ဌာနအကြောင်းများအား မြေပုံနှင့် ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးမီးသတ်ဦးစီးမှူးက ဖြည့်စွက်ဆွေးနွေးခဲ့သည်။

တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးနှင့်အဖွဲ့သည် စက်ရုံအတွင်း မီးတားလမ်း ဖောက်လုပ်ထားမှုအခြေအနေများ၊ ဆောင်ရွက်ထားသော မီးဘေးလုံခြုံရေး အစီအမံများ၊ စက်ရုံမီးသတ်ဌာနတို့အား ကွင်းဆင်းစစ်ဆေးခဲ့ပြီး လိုအပ်သော အကြံပြုချက်များကို ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(ကဆ)



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရေကူးအသံလွှင့်စက်ရုံအား ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၃

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရေကူးအသံလွှင့်စက်ရုံကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။






ဦးစွာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်က ရေကူးအသံလွှင့်စက်ရုံ၏ ဧရိယာ ၁၃၁ ဧကခန့်တွင် အရှည်ပေ ၇၈၅၀ အား အုတ်တံတိုင်း ကာရန်ထားရှိပြီး အရှည် ၁၁၈၉ ပေတွင် အုတ်တံတိုင်းကာရန် လိုအပ်မှုအတွက် လာမည့်ဘတ်ဂျက်ဖြင့် ကာရန်နိုင်ရန် တင်ပြလျာထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအခါ အုတ်တံတိုင်း အရှည်ပေ ၄၈၅၀ တွင် ဆေးပြန်လည်သုတ်ခြင်း၊ ယင်းအပေါ်တွင် သွပ်ဆူးကြိုးငါးတန်း တပ်ဆင်နေခြင်းများ ဆောင်ရွက်နေကြောင်း၊ ထို့ပြင် နှစ်စဉ်ပွင့်လင်းရာသီ၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ချုံနွယ်နှင့်မြက်ခင်းဧရိယာ ဧက ၆၀ ခန့်အား လယ်ထွန်စက်/မြေထွန်စက်ဖြင့် ရှင်းလင်း၍ မီးတားပြုလုပ်ခဲ့ရာ ယခုနှစ်တွင်လည်း အလားတူ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မီးဘေးလုံခြုံရေး စီမံချက်နှင့်အညီ မီးသတ်ဆေးဘူးများ၊ မီးငြိမ်းသတ်မည့် ကိရိယာ၊ မီးသတ်ရေစနစ်၊ လျှပ်စစ်မီးသွယ်တန်းထားရှိမှုနှင့် စနစ်တကျအသုံးပြုမှု၊ ကြိုတင်ပြင်ဆင်မှုနှင့် စစ်ဆေးမှု၊ ဓာတ်တိုက်လေ့ကျင့်မှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက စက်ရုံတွင် လျှပ်စစ်မီးအသုံးပြုမှုအပြင် အိမ်ထောင်သည်လိုင်းများတွင်လည်း စနစ်တကျ မီးအသုံးပြုရေးအပါအဝင် လုံခြုံရေးကိစ္စများနှင့် အခြားလိုအပ်သည်များကို မှာကြားပြီးဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိမြန်မာ့အသံနှင့် ရုပ်မြင်သံကြား တိုးကြောင်ကလေး ဝန်ထမ်းအိမ်ရာသို့ ရောက်ရှိပြီး မီးဘေးလုံခြုံရေး အထူးဂရုပြု ဆောင်ရွက်ရန် မှာကြားကာ ဝန်ထမ်းများအတွက် ထောက်ပံ့ငွေ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)၌ စတုတ္ထအကြိမ်နှင့် ပဉ္စမအကြိမ် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှု ဆောင်ရွက်

နေပြည်တော် မတ် ၃

ကျန်းမာရေးဝန်ကြီးဌာနသည် တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးရည်မှန်းကာ ပြည်သူများ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုကို လက်လှမ်းမီရရှိခြင်းဖြင့် ရောဂါကင်းဝေး၍ သက်တမ်းစေ့နေထိုင်နိုင်စေရေးနှင့် ပြည်သူများ ဆေးကုသမှုအတွက် စိုက်ထုတ်ကုန်ကျစရိတ်သက်သာစေရေး ဆောင်ရွက်လျက်ရှိရာ နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)၌ စတုတ္ထအကြိမ်နှင့် ပဉ္စမအကြိမ် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုကို ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ပြုလုပ်သည်။



ယနေ့ညနေပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းသည် ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ အထူးကြပ်မတ် ကုသဆောင်တွင် စောင့်ကြပ်ကြည့်ရှုကုသပေးလျက်ရှိသော ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုခံယူထားသည့် လူနာများအား သွားရောက်ကြည့်ရှု၍ အားပေးစကားပြောကြားကာ ဆေးရုံအုပ်ကြီးနှင့် ပါမောက္ခ/အထူးကု ဆရာဝန်ကြီးများ၏ ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုအခြေအနေနှင့် လူနာများ၏ကျန်းမာရေးအခြေအနေ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းပေးခဲ့ပြီး ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုများကို လစဉ်အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်ကြရန် မှာကြားသည်။

စတုတ္ထအကြိမ် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုကို ဇမ္ဗူသီရိမြို့နယ်နေ အသက် (၄၅)နှစ်ရှိ ကျောက်ကပ်လူနာ အမျိုးသမီးနှင့် ကျောက်ကပ်အလှူရှင် သားတော်စပ်သူ အသက်(၂၀)နှစ်ရှိအမျိုးသားတို့အား ခွဲစိတ်ကုသခဲ့ခြင်းဖြစ်ပြီး စုစုပေါင်း ခွဲစိတ်ချိန် ၆ နာရီခွဲ ကြာမြင့်ခဲ့သည်။

ပဉ္စမအကြိမ် ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုကို ပျော်ဘွယ်မြို့နယ်နေ အသက်(၃၄)နှစ်ရှိ ကျောက်ကပ်လူနာ အမျိုးသားနှင့် ကျောက်ကပ်အလှူရှင် အစ်မတော်စပ်သူ အသက်(၃၆)နှစ်ရှိ အမျိုးသမီးတို့အား ခွဲစိတ်ကုသခဲ့ခြင်းဖြစ်ပြီး စုစုပေါင်း ခွဲစိတ်ချိန် ၅ နာရီ ကြာမြင့်ခဲ့သည်။

စတုတ္ထအကြိမ်နှင့် ပဉ္စမအကြိမ် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှု ဆောင်ရွက်ခဲ့သော လူနာနှင့် ကျောက်ကပ်အလှူရှင် လေးဦးတို့၏ ခွဲစိတ်ပြီး ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး လူနာများအား အထူးကြပ်မတ်ကုသဆောင်တွင် လည်းကောင်း၊ ကျောက်ကပ်အလှူရှင်များအား ဆီးနှင့် ကျောက်ကပ်ခွဲစိတ်ကုသဌာနတွင် လည်းကောင်း ထားရှိကာ လိုအပ်သောကုသမှုများကို အနီးကပ်ဆောင်ရွက်ပေးလျက်ရှိသည်။

စတုတ္ထအကြိမ်နှင့် ပဉ္စမအကြိမ် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုများကို အထူးကုဆေးရုံကြီး (ခုတင်-၅၀၀) ရန်ကုန်မှ ပါမောက္ခ/ဌာနမှူး(ဆီးနှင့် ကျောက်ကပ်ခွဲစိတ်) ပါမောက္ခ ဒေါက်တာကျော်စိုးကျော်၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)မှ ပါမောက္ခ(ဆီးနှင့် ကျောက်ကပ်ခွဲစိတ်)ပါမောက္ခဒေါက်တာသဇင်ခိုင်၊ ဆေးတက္ကသိုလ်(၂) ရန်ကုန်မှ ပါမောက္ခ/ဌာနမှူး(ဆီးနှင့် ကျောက်ကပ်ခွဲစိတ်)ပါမောက္ခဒေါက်တာမျိုးသန်းနှင့်ဆေးတက္ကသိုလ် (မကွေး)မှ ပါမောက္ခ/ဌာနမှူး (ဆီးနှင့်ကျောက်ကပ်ခွဲစိတ်)ပါမောက္ခဒေါက်တာအောင်တို့ ပါဝင်သော ဆီးနှင့် ကျောက်ကပ် ခွဲစိတ်ကုသမှုဆိုင်ရာလုပ်ငန်းအဖွဲ့၊ အထူးကုဆေးရုံကြီး(ခုတင်-၅၀၀) ရန်ကုန်မှ ပါမောက္ခ/ဌာနမှူး(ဆီးနှင့်ကျောက်ကပ်ဆေးကု) ပါမောက္ခဒေါက်တာ ဝင်းဝင်းလှိုင်၊ ပါမောက္ခ/ဌာနမှူး (ဆီးနှင့် ကျောက်ကပ်ဆေးကု)(ငြိမ်း) ပါမောက္ခ ဒေါက်တာခင်သီတာသွင်၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)မှ အထူးကုဆရာဝန်ကြီး (ဆီးနှင့်ကျောက်ကပ်ဆေးကု) ဒေါက်တာယဉ်ယဉ်မွန်၊ အထူးကုဆရာဝန်ကြီး(ဆီးနှင့်ကျောက်ကပ်ဆေးကု) ဒေါက်တာကျော်ကျော်မျိုးတို့ ပါဝင်သော ဆီးနှင့် ကျောက်ကပ်ဆေးကုသမှုဆိုင်ရာ လုပ်ငန်းအဖွဲ့၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ပါမောက္ခ/ဌာနမှူး (နှလုံးနှင့် သွေးကြောခွဲစိတ်)ပါမောက္ခဒေါက်တာ ဝင်းဝင်းကျော် ဦးဆောင်သော နှလုံးနှင့် သွေးကြော ခွဲစိတ်မှုဆိုင်ရာလုပ်ငန်းအဖွဲ့၊ နေပြည်တော်ပြည်သူ့ ဆေးရုံကြီး(ခုတင်-၁၀၀၀)မှ ပါမောက္ခ(မေ့ဆေး) ဒေါက်တာမောင်မောင်ဆွေ၊ ပါမောက္ခ/ဌာနမှူး (မေ့ဆေး)(ငြိမ်း)ပါမောက္ခဒေါက်တာမူမူနိုင်၊ ပါမောက္ခ/ဌာနမှူး(မေ့ဆေး)(ငြိမ်း) ပါမောက္ခ ဒေါက်တာ ကြည်ကြည်စန်းတို့ ပါဝင်သော မေ့ဆေးပညာဆိုင်ရာ လုပ်ငန်းအဖွဲ့၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)မှ ပါမောက္ခ(ရောဂါဗေဒ) ပါမောက္ခ ဒေါက်တာစန်းစန္ဒာခင်၊ တွဲဖက်ပါမောက္ခ(အဏုဇီဝ) ဒေါက်တာခိုင်ဝင်းထွန်းနှင့် အထူးကုဆရာဝန်ကြီး (သွေးဗေဒ) ဒေါက်တာမိမိခိုင်တို့ ပါဝင်သော ရောဂါရှာဖွေရေးလုပ်ငန်းအဖွဲ့၊ သွေးနှင့် သွေးပစ္စည်းဆိုင်ရာ အထောက်အကူပြုလုပ်ငန်းအဖွဲ့၊ နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)မှ ပါမောက္ခ (ဓာတ်မှန်)ပါမောက္ခဒေါက်တာခိုင်ရွှေဝါ၊ အထူးကု ဆေးရုံကြီး(ခုတင်-၅၀၀) ရန်ကုန်မှ ပါမောက္ခ (ဓာတ်မှန်) ပါမောက္ခ ဒေါက်တာသဇင်သန်းတို့ ဦးဆောင်သော ဓာတ်မှန်ပညာဆိုင်ရာ လုပ်ငန်းအဖွဲ့၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)မှ ဆေးရုံအုပ်ကြီး ဒေါက်တာသောင်းလှိုင် ဦးဆောင်သော ဆေးရုံစီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဆရာဝန်များ၊ သူနာပြုအုပ် ဒေါ်ဝုန်ဆွေ့ကျင်း၊ တာဝန်ခံသူနာပြုကြီး ဒေါ်မွန်ရည်ရည်ထွန်း၊ သူနာပြုကြီး ဒေါ်ခင်ထားဝင်း၊ ဒေါ်သက်ဆု၊ ဒေါ်အေးအေးမော်တို့ ဦးဆောင်သော ခွဲစိတ်ခန်း၊ အထူးကြပ်မတ်ကုသဆောင်သူနာပြုများ၊ ကျွမ်းကျင်ဝန်ထမ်းများနှင့် အထောက်အကူပြုဝန်ထမ်းများအားလုံး ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)တွင် ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုများကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် လည်းကောင်း၊ ဒုတိယအကြိမ်နှင့် တတိယအကြိမ်ကို ၂၀၂၅ ခုနှစ် အောက်တိုဘာလတွင်လည်းကောင်း အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီး ယခုအခါ စတုတ္ထအကြိမ်နှင့် ပဉ္စမအကြိမ်အဖြစ် ဆောင်ရွက်ခြင်းဖြစ်သည်။

ယခုကဲ့သို့ ပြည်တွင်း၌ ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုများကို ဆောင်ရွက်နိုင်ခြင်းအားဖြင့် ပြည်သူများအတွက် လိုအပ်သောကုသမှုကို လက်လှမ်းမီရရှိစေကာ ပြည်ပသို့ သွားရောက်ကုသရမည့် ကုန်ကျစရိတ်များ သက်သာစေနိုင်သဖြင့် ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုများကို အထူးကု ဆေးရုံကြီး(ခုတင်-၅၀၀) ရန်ကုန်၊ မန္တလေးပြည်သူ့ ဆေးရုံကြီးနှင့် နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)တို့၌ ပုံမှန်ဆက်လက်ဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## နွေရာသီအခြေခံအားကစားသင်တန်းများ ဖွင့်လှစ်

ရပ်စောက် မတ် ၃

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ရပ်စောက်မြို့နယ်တွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ နွေရာသီကျောင်းပိတ်ရက်အတွင်း ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အချိန်ကိုအကျိုးရှိစွာအသုံးချတတ်စေရန်၊ ကျန်းမာပျော်ရွှင်ကာ အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန်၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများပေါ်ထွက်လာစေရန် ရည်ရွယ်၍ နွေရာသီအခြေခံအားကစားနည်း (၆)မျိုးကို အခမဲ့ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ နွေရာသီအခြေခံအားကစားသင်တန်းကို မတ် ၁ ရက်မှ ၂၀ ရက်အထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး ရပ်စောက်မြို့နယ် အားကစားခန်းမနှင့် ဘောလုံးကွင်းတို့တွင် မြန်မာ့သိုင်း၊ ဖူဆယ်၊ အေရိုးဗစ်(Myanmar Fitness Dance)၊ ဘောလုံး၊ ပြေးခုန်ပစ် စသည့်အားကစားနည်းများကို သက်ဆိုင်ရာ နည်းပြဆရာများဖြင့် စနစ်တကျသင်ကြားပို့ချပေးလျက်ရှိပြီး သင်တန်းပြီးဆုံးပါက သင်တန်းဆင်း ဂုဏ်ပြုလက်မှတ်များနှင့်အမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

(Daisy)

(အောက်ယာပုံ)



# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး မန္တလေးတိုင်းဒေသကြီးအတွင်း သမဝါယမလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



နေပြည်တော် မတ် ၃

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီးအတွင်း သမဝါယမလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ မန်းမြို့တော်ဆောက်လုပ်ရေးနှင့် အထွေထွေရောင်းဝယ်ရေးသမဝါယမအသင်း၏ မိဘမေတ္တာမုန့်စက်ရုံပန္နက်တင်မင်္ဂလာအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးရေးအခြေခံ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ခြင်းဖြင့် ကျေးလက်ဒေသ သမဝါယမလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲနွမ်းပါးမှုပပျောက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ဖြစ်ပေါ်ရေး၊ မြို့ပြနှင့် အခြားပြည်ပနိုင်ငံများသို့ ရွှေ့ပြောင်းအလုပ်သမားအဖြစ် သွားရောက်လုပ်ကိုင်မှုများ လျော့နည်းရေးတို့ကို များစွာအထောက်အကူဖြစ်စေကြောင်း၊ ယခုကဲ့သို့ သမဝါယမစက်မှုလက်မှု ကုန်ထုတ်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မန္တလေးတိုင်းဒေသကြီးအတွင်း ဒေသထွက်ကုန်တစ်ခုအနေဖြင့် သမဝါယမအသင်းတစ်ခုဖြစ်သည့် မန်းမြို့တော်ဆောက်လုပ်ရေးနှင့် အထွေထွေရောင်းဝယ်ရေး သမဝါယမအသင်းက “မိဘမေတ္တာ” မုန့်စက်ရုံ တည်ဆောက်ပြီး ထုတ်လုပ်နိုင်တော့မည်ဖြစ်ကြောင်း၊ မုန့်စက်ရုံတည်ဆောက်ပြီးစီးပါက တစ်ရက်လျှင် အထုပ်အကြီးအရေအတွက် တစ်သိန်းခန့်နှင့် အထုပ်အသေးအရေအတွက် နှစ်သိန်းခန့် ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ စက်ရုံတာဝန်ရှိသူများအနေဖြင့် ထုပ်ပိုးမှုပုံစံများကိုလည်း ခေတ်မီလှပသပ်ရပ်သောပုံစံများဖြင့် သုံးစွဲသူစိတ်ဝင်စားမှုနှင့် စွဲဆောင်မှုရှိအောင် ဖန်တီးဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ယခုမုန့်စက်ရုံကို တည်ထောင်ဆောက်လုပ်နိုင်ခြင်းကြောင့် မိမိတို့ဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ သမဝါယမစာရင်းရေးစာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း (မန္တလေး)မှ ကျောင်းဆင်းများ အပါအဝင် ဒေသရှိလူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းလည်း ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက မန်းမြို့တော်ဆောက်လုပ်ရေးနှင့် အထွေထွေရောင်းဝယ်ရေးသမဝါယမအသင်း၏ မိဘမေတ္တာမုန့်စက်ရုံပန္နက်တင်ခြင်းကို ဆောင်ရွက်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်နှင့် အောင်သဇင်အထွေထွေ စီးပွားရေးလုပ်ငန်းသမဝါယမအသင်းတို့ အကျိုးတူ ပူးပေါင်းဆောင်ရွက်သည့် တန် ၁၂၀ ကျ ဆန်စက် Show Room နှင့် ရုံးခန်းတည်ဆောက်မည့် လျာထားမြေနေရာနှင့် တန် ၁၂၀ ကျ ဆန်စက်၊ ဝန်ထမ်းအိမ်ရာတည်ဆောက်နေမှု အခြေအနေကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်နှင့် စမ်းဝတီမွေးမြူရေးနှင့် သဘာဝမြေဩဇာထုတ်လုပ်ရေး သမဝါယမအသင်းလီမိတက်တို့ အကျိုးတူပူးပေါင်းဆောင်ရွက်သည့် မန္တလေးနို့ချက်စက်ရုံ၌ နို့နှင့်နို့ထွက်ပစ္စည်းများ ထုတ်လုပ်နေမှုကိုလည်းကောင်း၊ ပန်းရိုးမသောက်ရေသန့်စက်ရုံမှ ရေသန့်နှင့် ရေသန့်ရေခဲထုတ်လုပ်မှုနေမှုကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်နှင့် Agri Sun ကုမ္ပဏီတို့ အကျိုးတူပူးပေါင်းဆောင်ရွက်သည့် Royal Ruby Flower တန် ၁၅၀ ကျ ဆန်စက်လည်ပတ်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုပြီး သက်ဆိုင်ရာတာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားရန်နှင့် စက်ရုံများစွမ်းအားပြည့် စဉ်ဆက်မပြတ်လည်ပတ်နိုင်ရေး၊ ကုန်ကြမ်းရရှိရေး၊ ထွက်ရှိလာသောထုတ်ကုန်များ ဈေးကွက်ရရှိရေး အလေးထားဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အလုပ်သမားဝန်ကြီးဌာန အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့ အစည်းအဝေးကျင်းပ

## လူမှုဖူလုံရေးစီမံကိန်း အကျုံးဝင်မြို့နယ် ၁၂၈ မြို့နယ်တွင် အာမခံအလုပ်သမား ၁ ဒသမ ၃၄ သန်းကျော်ဖြင့် တိုးချဲ့ဆောင်ရွက်နိုင်

နေပြည်တော် မတ် ၃

အလုပ်သမားဝန်ကြီးဌာန အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့၏ (၁/၂၀၂၆)ကြိမ်မြောက် အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီက လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်)၌ ကျင်းပသည်။

အစည်းအဝေးတွင် အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး၊ အမျိုးသားအဆင့်အဖွဲ့ဝင်များနှင့် အလုပ်ရှင်/အလုပ်သမား အဖွဲ့အစည်း ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

### တိုးချဲ့ဆောင်ရွက်နိုင်ပြီ

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက လူမှုဖူလုံရေးအဖွဲ့အနေဖြင့် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင်ပါဝင်သည့် အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့ကို ဖွဲ့စည်း၍ အာမခံအလုပ်သမားများအတွက် ထိရောက်ကောင်းမွန်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ အလွယ်တကူ လက်လှမ်းမီ ရယူနိုင်ရန်နှင့် လူမှုဖူလုံရေး အကျိုးခံစားခွင့်များကို ဥပဒေနှင့်အညီပေးအပ်နိုင်ရန် အဓိကထားဆောင်ရွက်ပေးလျက်ရှိရာ လက်ရှိတွင် နှစ်(၇၀) ကျော်ကာလသို့ ရောက်ရှိခဲ့ပြီး လူမှုဖူလုံရေးစီမံကိန်းကို အကျုံးဝင်မြို့နယ် ၁၂၈ မြို့နယ်အထိ အာမခံအလုပ်သမား ၁ ဒသမ ၃၄ သန်းကျော်ဖြင့် တိုးချဲ့ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း။

လူမှုဖူလုံရေးအဖွဲ့သည် အာမခံအလုပ်သမားများကို ပိုမိုထိရောက်ကောင်းမွန်သည့် ကျန်းမာရေးဝန်ဆောင်မှုများပေးနိုင်ရန်အတွက် ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများနှင့် စာချုပ် ချုပ်ဆို၍ Fee for Service Payment ဖြင့် ဆေးခန်း ၇၅ ခန်းနှင့် သားဖွားခန်း ရှစ်ခန်းဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိပြီး စိုက်ထုတ်ကုန်ကျခဲ့သည့် ဆေးဖိုးစိုက်ထုတ်ငွေများကို အမြန်ဆုံးပြန်လည်ပေးအမ်းလျက်ရှိကြောင်း။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် အာမခံအလုပ်သမားများ၏ အကျိုးကိုရှေးရှုပြီး ၂၀၂၅ ခုနှစ်၌ မန္တလေး မြေငလျင်လှုပ်ခတ်မှုဖြစ်စဉ်ကြောင့် ငလျင်ဘေးသင့်ခဲ့သည့် တိုင်းဒေသကြီး/ ပြည်နယ် ခြောက်ခုရှိ အာမခံအလုပ်သမား တစ်သိန်းကျော်အတွက် ငွေကျပ် ၁၀၉၈၆ ဒသမ ၃၆၈ သန်းနှင့် သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့်အတွက် အာမခံအလုပ်သမားများ၏ အချိန်ပြည့်ပညာသင်ကြားနေသော သားသမီး ကိုးသောင်းခန့်အား ငွေကျပ် ၃၅၈၀ ဒသမ ၁၃၀ သန်းကို ပညာသင်စရိတ်အနေဖြင့် ခွင့်ပြုထုတ်ပေးနိုင်ခဲ့ကြောင်း။

လူမှုဖူလုံရေးအဖွဲ့ကို အာမခံအလုပ်သမားများ အားကိုးအားထားပြုထိုက်သော ဌာနတစ်ခုဖြစ်စေရန်နှင့် အာမခံအလုပ်သမားများအတွက် ယခုထက်ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများ ဆောင်ရွက်ပေးနိုင်စေရန်နှင့် တစ်မျိုးသားလုံး အကျုံးဝင်သည့် စီမံကိန်းဖြစ်စေရန်အတွက် အိမ်နီးချင်းနိုင်ငံများတွင် ကျင့်သုံးသည့် လူမှုဖူလုံရေးစနစ်များနှင့် နှိုင်းယှဉ်လေ့လာသုံးသပ်မှုများပြုလုပ်ပြီး လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများကိုလည်း ဆက်လက်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။



သတင်းစဉ်

# မန္တလေးလူငယ်သင်တန်းကျောင်းတွင် ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်ရရှိသည့် ကလေးသူငယ် ၅၆ ဦးအား ဒုတိယအကြိမ် မိဘ၊ အုပ်ထိန်းသူများထံ ပြန်လည်အပ်နှံသည့် အခမ်းအနား ကျင်းပ

မန္တလေး မတ် ၃

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ၂-၃-၂၀၂၆ ရက်စွဲပါအမိန့်အမှတ် ၅/၆/၇/၈/၉/၂၀၂၆ အရ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် တပေါင်းလပြည့်နေ့ အခါသမယနှင့် (၆၄)နှစ်မြောက် တောင်သူလယ်သမားနေ့ အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် နိုင်ငံတော်၏ မေတ္တာနှင့် စေတနာကို နားလည်စေရန် ရေးရှုသောအားဖြင့် လည်းကောင်း ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ- ၄၀၁(၁)အရ ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့် ရရှိသည့် လူမှုဝန်ထမ်းဦးစီးဌာနရှိ မန္တလေးလူငယ်သင်တန်းကျောင်းမှ ကလေးသူငယ်များအား ဒုတိယအကြိမ် မိဘအုပ်ထိန်းသူများထံ ပြန်လည်အပ်နှံခြင်းအခမ်းအနားကို မတ် ၃ ရက် မွန်းလွဲပိုင်းက အောင်မြေသာစံမြို့နယ် မန္တလေးလူငယ်သင်တန်းကျောင်းရှိ ဘက်စုံသုံး ခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသက်လှိုင်ထွန်း၊ မန္တလေးလူငယ်သင်တန်းကျောင်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဇင်ထွန်း၊ ကျောင်းအုပ် ဦးစိုးနောင်နောင်ထွန်းနှင့် ဝန်ထမ်းများ၊ အမှတ်(၂)နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်အုန်းကျော်မင်း၊ လွတ်ငြိမ်းချမ်းသာခွင့်ရ ကလေးသူငယ်များ၊ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသက်လှိုင်ထွန်းက အဖွင့်အမှာစကားပြောကြားပြီးနောက် လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဇင်ထွန်းက ဆုံးမစကားနှင့် ရဲအုပ် အုန်းကျော်မင်းက ပြစ်မှုပြစ်ဒဏ်များအကြောင်း ပြောကြား၍ မိဘတစ်ဦးနှင့် လွတ်ငြိမ်းချမ်းသာခွင့်ရရှိခဲ့သူတစ်ဦးတို့က ကျေးဇူးတင်စကားများ ပြောကြားခဲ့ကြောင်း၊ လွတ်ငြိမ်းချမ်းသာခွင့်ရရှိသည့် ကလေးသူငယ် ၅၆ ဦးအား ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ-၄၀၁၊ ပုဒ်မခွဲ(၁)ပါ စည်းကမ်းချက်ဖြင့် ခံဝန်ချုပ်ဆို၍ မိဘအုပ်ထိန်းသူများထံ စနစ်တကျ ပြန်လည်အပ်နှံပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၄)

၀-၀-၀-၀-၀-၀

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၀) သင်တန်းဆင်းပွဲများ ကျင်းပပြုလုပ်



ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၀) သင်တန်းဆင်းပွဲ ကျင်းပစဉ်။

နေပြည်တော် မတ် ၃

နိုင်ငံ သားတိုင်းသည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန် အရေးသုံးပါးကို စောင့်ထိန်းရန် တာဝန်ရှိသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် နိုင်ငံသားတိုင်း စစ်ပညာ သင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင်အာဏာတည်ခဲ့ပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ရန် စိတ်အားထက်သန်စွာ လာရောက်စာရင်းပေးသွင်းကြသည့် လူငယ်များကို ပြည်သူ့စစ်မှုထမ်းသင်တန်းများ ဖွင့်လှစ် သင်ကြားပေးလျက်ရှိသည်။

ယခုအခါ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၀) သင်တန်းဆင်းပွဲ အခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံ သင်တန်းကျောင်းအသီးသီး၌ ကျင်းပပြုလုပ်ကြသည်။ အဆိုပါ သင်တန်းဆင်းပွဲများကို သင်တန်းဆင်းစစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီး သင်တန်းသားများက နိုင်ငံတော်အလံကိုကိုင်၍ ကတိသစ္စာခံယူကြသည်။

ထို့နောက် သင်တန်းကျောင်းများအလိုက် သက်ဆိုင်ရာတာဝန်ရှိသူများက သင်တန်းဆင်း အမှာစကားများအသီးသီးပြောကြားကြပြီး သင်တန်းဆင်း ထူးချွန်ဆုများဖြစ်သည့် စံပြတပ်သားဆု၊ စစ်ရေးပြထူးချွန်ဆု၊ လက်ဖြောင့်တပ်သားဆု၊ စစ်သည်တော်ကျင့်ဝတ်ဆု၊ မိုင်းကျွမ်းကျင်ဆု၊ တပ်စိတ်တိုက်နည်း ပထမဆု၊ ချေမှုန်းရေးပထမဆု၊ အိပ်ဆောင်အကောင်းဆုံးဆု ရရှိသူများအား ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားများအပြီးတွင် သင်တန်းဆင်းပွဲများသို့ တက်ရောက်ကြသော တိုင်းဒေသကြီးနှင့် ပြည်နယ် အလိုက်ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းကျောင်းခန်းမများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၀)မှ သင်တန်းဆင်း နိုင်ငံ့သားကောင်း စစ်သည်များအား တွေ့ဆုံအမှာစကား ပြောကြားကာ ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက် အားပေးကြသည်။

နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက် ပေးလျက်ရှိပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ယင်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရန် ဆန္ဒရှိကြသည့် နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်းသင်တန်းများ တက်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကိုထမ်းဆောင်နေကြပြီဖြစ်သည်။

ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၀)တွင် တက်ရောက်ခဲ့ရသည့် အတွေ့အကြုံများ၊ သင်တန်းမှ ရရှိခဲ့သည့် အလေ့အကျင့်ကောင်းများ၊ ယုံကြည်ချက်၊ ခံယူချက်များနှင့် သင်တန်းဆင်းပြီးနောက် မိမိတို့တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့များ၌ ဆက်လက်တာဝန် ထမ်းဆောင်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များ၏ စကားသံများကို ယခုကဲ့သို့ ကြားသိရပါသည် -

၁။ သင်တန်းဆင်းပြီဆိုတော့ ကျွန်တော် အခုအလွန်တော့ ပျော်မိပါတယ်။ ကျွန်တော်တို့ စိတ်ထဲမှာတော့။ နောက်ပြီး ကျွန်တော့်ကို တာဝန်ပေးတဲ့နေရာမှာ တာဝန်ကို ကျေပွန်အောင် အကောင်းဆုံး ထမ်းဆောင်သွားပါမယ်လို့လည်း





ပြောချင်ပါတယ်။ ကျွန်တော့်ကို စစ်ပညာနဲ့ ပတ်သက်တဲ့ အခြေခံစစ်ပညာဆိုင်ရာတွေကို အစစအရာရာအကုန်လုံးကို ကျွန်တော်တို့ကို သင်ကြားပေးပါတယ် ဆရာကြီးများက။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိလာသလိုမျိုး ခံစားမိပါတယ်။ အရင်က အရပ်သားဘဝထက်စာရင်တော့ အခုအခြေအနေကို ပိုပြီးဂုဏ်ယူမိပါတယ်။ စစ်သားကောင်း တစ်ယောက်ဖြစ်အောင် အမြဲကြိုးစားသွားမယ်လို့ ပြောချင်ပါတယ်။ ကျွန်တော့်ကို ပေးအပ်တဲ့ တာဝန်အပေါ်မှာ အကောင်းဆုံး အတတ်နိုင်ဆုံး ကြိုးစားသွားပါမယ်လို့ ပြောချင်ပါတယ်။ တပ်မတော်သား တစ်ယောက် ဖြစ်သွားတဲ့အချိန်မှာ ကျွန်တော့်ကိုယ် ကျွန်တော် အမြဲဂုဏ်ယူမိပါတယ်။ အရင်ကထက်စာရင် ယုံကြည်မှု အများကြီး ပိုရှိလာပါတယ်။ တပ်မတော်မှ ချပေးတဲ့ တာဝန်တွေကိုလည်း အကောင်းဆုံး ကြိုးစားသွားပါမယ်။

၂။ ပြောင်းလဲမှုကတော့ အများကြီးရှိပါတယ်။ ရောက်ခါစတုန်းကတော့ အခက်အခဲတွေ အများကြီး ရှိတာပေါ့။ အရပ်သားဘဝကနေ လာတာဆိုတော့ တပ်မတော်နဲ့ အထိအတွေ့ မရှိဘူးဆိုတော့ အခက်အခဲတွေတော့ ရှိခဲ့ပါတယ်။ စစ်မြေပြင်မှာ ဆိုရင်တော့ တစ်ယောက်တည်း ဆောင်ရွက်ဖို့လည်း မဖြစ်နိုင်ဘူးလေ။ အဲဒီတော့ အဖွဲ့လိုက် စနစ်နဲ့ပဲ သွားတာဖြစ်တဲ့အတွက် အဖွဲ့လိုက်ကြိုးစားတတ်အောင် ဆရာတွေက အများကြီး သင်ပေးထားပါတယ်။ ဆရာတွေ သင်ပေးထားတဲ့အတိုင်းပဲ ကျွန်တော်တို့ စစ်မြေပြင်ရောက်သွားရင်လည်း စစ်နည်းဗျူဟာရပ်တွေ၊ စစ်ပညာတွေကို အကောင်းဆုံး အသုံးချသွားပါမယ်လို့ ပြောချင်ပါတယ်။

သတင်းစဉ်



ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၀) သင်တန်းဆင်းပွဲ ကျင်းပစဉ်။





ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၀) သင်တန်းဆင်းပွဲ ကျင်းပစဉ်။

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနများ၏ ကြီးကြပ်ရေးမှူးများအား တွေ့ဆုံပြီး စာမေးပွဲဆိုင်ရာ ဆောင်ရွက်ရန်လုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြောကြား





**မန္တလေး မတ် ၃**

မန္တလေးတိုင်းဒေသကြီး ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနများ၏ ကြီးကြပ်ရေးမှူးများအား စာမေးပွဲဆိုင်ရာဆောင်ရွက်ရန် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မန္တလေးတက္ကသိုလ်ပါမောက္ခချုပ်၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးရုံးတို့မှ တာဝန်ရှိသူများ၊ စာစစ်ဌာနအလိုက် ကြီးကြပ်ရေးမှူးများနှင့် တွဲဖက်ကြီးကြပ်ရေးမှူးများအဖြစ် တာဝန်ယူဆောင်ရွက်သွားကြမည့် အခြေခံပညာအလယ်တန်းနှင့်အထက်တန်းတို့မှ ကျောင်းအုပ်ကြီး ၁၅၅ ဦး၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် တက္ကသိုလ်ဝင်စာမေးပွဲစာစစ်ဌာနများတွင် တာဝန်ယူဆောင်ရွက်ကြမည့် ကြီးကြပ်ရေးမှူးများနှင့် တွဲဖက်ကြီးကြပ်ရေးမှူးများ၊ တာဝန်ရှိသူများအနေဖြင့် စာမေးပွဲလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ကြရာတွင် မေးခွန်းများထုတ်ယူသည့်အချိန်မှစပြီး စာစစ်ဌာနများသို့ အချိန်မီရောက်ရှိစေရေး၊ စာမေးပွဲဖြေဆိုနေစဉ်နှင့် စာမေးပွဲကာလအတွင်း လုံခြုံရေး၊ အဖြေလွှာများ ပြန်လည်အပ်နှံပို့ဆောင်ရေးလုပ်ငန်းများအထိ အောင်မြင်ချောမောစွာ ဆောင်ရွက်နိုင်စေရန် လုံခြုံရေးအထူးသတိရှိစွာဖြင့် စနစ်တကျကြပ်မတ်ကာ အထူးဂရုပြု အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ စာစစ်ဦးစီးဌာနက ထုတ်ဝေသည့် တက္ကသိုလ်ဝင်စာမေးပွဲဆိုင်ရာလုပ်ငန်းလက်စွဲအတိုင်း အလေးအနက်ထားကာ ကျောင်းသား၊ ကျောင်းသူများ လုံခြုံစိတ်ချပြီး စိတ်ချမ်းမြေ့စွာဖြင့် စာမေးပွဲပြီးဆုံးသည်အထိ ဖြေဆိုနိုင်ရေး၊ အောင်ချက် ရာခိုင်နှုန်းမြင့်မားရေး အားလုံးဝိုင်းဝန်းပူးပေါင်းကာ ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၁ ရက်မှ မတ် ၁၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးအတွင်း စာဖြေသူစာရင်းသွင်းဦးရေ ၄၇၀၀၀ ဦးကျော်ရှိပြီး စာစစ်ဌာန ၁၀၈ ခု ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**



## ဆေးတက္ကသိုလ်(မန္တလေး)မှ အလုပ်သင်ဆရာဝန်များ ရပ်ကွက်အတွင်း ကွင်းဆင်းဆေးကုသ

**မန္တလေး မတ် ၃**

ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးတက္ကသိုလ်(မန္တလေး)မှ အလုပ်သင်ဆရာဝန်များ ရပ်ကွက်အတွင်း ကွင်းဆင်းဆေးကုသမှု ဆောင်ရွက်ခြင်းကို ယနေ့နံနက် ၉ နာရီခွဲက သီရိဟေမာအနောက် ရပ်ကွက်၊ အကွက်(၂၂၄)၊ ၂၉ လမ်းနှင့် လမ်း ၃၀ကြား၊ အောက်ကမ်းနားလမ်းနှင့် အနောက်သင်္ဇာပတ်လမ်း၊ မြသာဓိသိမ်ကျောင်းတိုက် သိမ်ကျောင်းဓမ္မာရုံတွင် ဆောင်ရွက်ပေးကြသည်။

ကွင်းဆင်း ဆေးကုသမှု ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာန ဆေးတက္ကသိုလ် (မန္တလေး)၊ ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာချမ်းမြေ့အောင် ဦးဆောင်သော အထူးကုဆရာဝန်လေးဦးနှင့်အလုပ်သင် ဆရာဝန် ၃၈ ဦးတို့ ပါဝင်သော အဖွဲ့က ရပ်ကွက်အတွင်း ကွင်းဆင်းဆေးကုသမှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးချမ်းသာနှင့်ရာအိမ်မှူးများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်ညိုမီလှိုင်၊ ရပ်မိရပ်ဖ ဦးစန်းမောင်နှင့် ဦးမျိုးတင့်တို့က လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြသည်။

ရပ်ကွက်ရာအိမ်မှူး ဦးဘိုဘိုဝင်းကလည်း "ယခုလိုရပ်ကွက်အတွင်း ကွင်းဆင်းပြီး ဆေးကုသမှုများဆောင်ရွက်ပေးကြတဲ့ ဆေးတက္ကသိုလ်မှ ဆရာဝန်ကြီးများ၊ အလုပ်သင်ဆရာဝန်များအားလုံးကို ကျေးဇူးတင်ရှိပါတယ်၊ ကျွန်တော်တို့ရပ်ကွက်က အခြေခံလူတန်းစားတွေများပါတယ်၊ နေထိုင်မကောင်းဖြစ်ရင်တောင် ဆေးရုံ၊ ဆေးခန်းသွားပြဖို့က အဆင်မပြေကြပါဘူး၊ အခုလိုရပ်ကွက်အတွင်းမှာ ကွင်းဆင်းကုသပေးတော့ ရပ်ကွက်ပြည်သူတွေအတွက် အဆင်ပြေသွားတာပေါ့၊ ဆေးစစ်ပေးတယ်၊ ထိုးဆေးထိုးပေးတယ်၊ သောက်ဆေးပေးတယ်ဆိုတော့အများကြီး အဆင်ပြေပါတယ်"ဟု ပြောသည်။

ယနေ့ကွင်းဆင်းဆေးကုသရာတွင် သီရိဟေမာအနောက်ရပ်ကွက်အတွင်းရှိ မိဘပြည်သူ အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၈၁ ဦး စုစုပေါင်း ၉၈ ဦးတို့အား အထွေထွေရောဂါ၊ ခွဲစိတ်ရောဂါ၊ သားဖွားနှင့်မီးယပ်ရောဂါ၊ ကလေးသူငယ်ဆိုင်ရာရောဂါများကို ကွင်းဆင်းစစ်ဆေးကုသပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(ဝ၄၁)**

## မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် (Mandalay University of Foreign Languages) နှင့် Belarusian State University တို့ ပူးပေါင်း၍ Online ဖြင့် စာသင်ကြားပို့ချ

**မန္တလေး မတ် ၃**

မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် (Mandalay University of Foreign Languages -MUFL) တွင် Mandalay University of Foreign Languagesနှင့် MoU ရေးထိုးထားသော ဘယ်လာရုနိုင်ငံ Belarusian State Universityနှင့် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်တို့၏ ပညာရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်တစ်ခုကို ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလတွင် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်၌ ပြုလုပ်ခဲ့သည်။

အဆိုပါ အစီအစဉ်အရ Belarusian State University နှင့် B.A ကျောင်းသား၊ ကျောင်းသူများကို မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်က Online ဖြင့် စာသင်ကြားပေးခြင်းကို ပြုလုပ်ခဲ့ရာ ဖေဖော်ဝါရီ ၂၅ ရက်တွင် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာကြည်ကြည်မိုးက Cross-Cultural Language Learning ကိုလည်းကောင်း၊ ဖေဖော်ဝါရီ ၂၆ ရက်တွင် အင်္ဂလိပ်ဘာသာဌာနမှ ကထိက ဒေါ်ထက်နန္ဒာအောင်က Cross-Cultural Aspects of Language Change in Post-Colonial Societies ကိုလည်းကောင်း၊ ပြင်သစ်ဘာသာဌာနမှ တွဲဖက်ပါမောက္ခ(ဌာနမှူး)ဦးသန့်ဇော်ဦးက Multilingualism and Identity in the Cross-Cultural Context ကို လည်းကောင်း၊ ဖေဖော်ဝါရီ ၂၇ ရက်တွင် ရုရှားဘာသာဌာနမှ တွဲဖက်ပါမောက္ခ (ဌာနမှူး)ဒေါ်ယုယုမွန်နှင့် ကထိက ဒေါက်တာနှင်းသီတာတို့က Cross-Cultural Langauge Learning ကိုလည်းကောင်း အသီးသီးပို့ချပေးခဲ့ကြောင်း၊ Belarusian State Universityမှ ဒုတိယဌာနမှူး (Organizer) Ms.Ekaterina Igorevna Stefanovskaya ဦးဆောင်သော B.A ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၄)**



# အရေးပေါ်အသွင်ကူးပြောင်းမှုများ အကောင်အထည်ဖော်ရန် ချက်ချင်းဆောင်ရွက်ရမည်ဟု ကျူးဘားသမ္မတ ပြောကြား



ဟာဗားနား မတ် ၃

ကာရစ်ဘီယံနိုင်ငံဖြစ်သော ကျူးဘားနိုင်ငံ၏ ရေနံလက်ကျန် အရန်ပမာဏ လျော့နည်းလာသည်နှင့်အမျှ ကျူးဘားနိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးပုံစံအတွက် အရေးပေါ်အသွင်ကူးပြောင်းမှုများကို အကောင်အထည်ဖော်ရန် အစိုးရအနေဖြင့် ချက်ချင်းအာရုံစိုက်ဆောင်ရွက် ရမည်ဟု သမ္မတ မီဂွယ်ဒီယက်ဇ်ကာနယ်က ယမန်နေ့က ထုတ်ဖော်ပြောကြားလိုက်ကြောင်း စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။

အမေရိကန်ပြည်ထောင်စုက ဇန်နဝါရီလအတွင်း တောင်အမေရိကနိုင်ငံဖြစ်သော ဗင်နီဇွဲလားနိုင်ငံကို တိုက်ခိုက်ခဲ့ပြီးနောက် ဗင်နီဇွဲလားမှ ရေနံတင်ပို့မှုများ ရပ်တန့်သွားခြင်းနှင့်အတူ လတ်တလော ရေနံပိတ်ဆို့မှုဒဏ်ကို ကျူးဘားနိုင်ငံက ခံစားနေရချိန်တွင် ဝန်ကြီးများကောင်စီ အစည်းအဝေး၌ အဆိုပါမှတ်ချက်ကို ပြောကြားခဲ့ခြင်းဖြစ်သည်။

စီးပွားရေးနှင့် လူမှုရေးပုံစံတွင် လုပ်ဆောင်ရန်လိုအပ်သည့် အရေးကြီးဆုံးနှင့် အရေးပေါ်အသွင်ကူးပြောင်းမှုများကို အကောင်အထည်ဖော်ရန်အတွက် မိမိတို့အနေဖြင့် ချက်ချင်းအာရုံစိုက်ရမည်ဟု ၎င်းက ထည့်သွင်းပြောကြားကြောင်း သိရသည်။

Mon

# INTERNATIONAL NEWS

# နိုင်ငံတကာသတင်းများ



## အမေရိကန်ပြည်ထောင်စု၏ ဒေသအများစုတွင် ပိုမိုနွေးထွေးသော အပူချိန်များကို မျှော်လင့်ရမည်

ဝါရှင်တန် မတ် ၃

ရက်သတ္တပတ်များစွာကြာအောင် ဆောင်းရာသီမုန်တိုင်းများ ဆက်တိုက်တိုက်ခတ်ခဲ့ပြီးနောက် နွေဦးရာသီသို့ စတင်ကူးပြောင်းလာပြီဖြစ်သဖြင့် အမေရိကန်ပြည်ထောင်စု၏ ဒေသအများစုတွင် လာမည့်ရက်ပိုင်းနှင့် သီတင်းပတ်များအတွင်း ပိုမိုနွေးထွေးသော အပူချိန်များကို မျှော်လင့်ရမည်ဖြစ်ကြောင်း စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။

သို့ရာတွင် နိုင်ငံ၏ အစိတ်အပိုင်းတစ်ခုတွင်မူ လာမည့်ရက်အနည်းငယ်အတွင်း သိသာထင်ရှားသော ဆောင်းရာသီ ရာသီဥတုဆိုးရွားမှုနှင့် ရင်ဆိုင်ရမည်ဖြစ်သည်။

အမေရိကန်ပြည်ထောင်စု၏ အတ္တလန္တိတ်တောင်ပိုင်းနှင့် အက်ပလေချီယန်ဒေသများ၊ အထူးသဖြင့် ဗာဂျီးနီးယားနှင့် အနောက်ဗာဂျီးနီးယား ပြည်နယ်တို့တွင် လျှပ်စစ်မီးပြတ်တောက်မှုများ ဖြစ်ပေါ်နိုင်ပြီး ခရီးသွားလာရန် လုံးဝမဖြစ်နိုင်သည့် အခြေအနေများ ရှိနိုင်ကြောင်း အမျိုးသားမိုးလေဝသဌာနက ဆောင်းရာသီမုန်တိုင်း သတိပေးချက်များ ထုတ်ပြန်ထားသည်။

ဗာဂျီးနီးယား ပြည်နယ် ဘလက်ဘတ်မြို့နှင့် အနောက်ဗာဂျီးနီးယားပြည်နယ် ချားလ်စတန်မြို့ရှိ မိုးလေဝသရုံးများသည် ဆီးနှင်းများနှင့် ခဲနေသောရေခဲလွှာများအပါအဝင် ပြင်းထန်သော မိုးနှင်းရောနှော ရွာသွန်းမှုများ ဖြစ်ပေါ်နိုင်ကြောင်း သိရသည်။

Mon

# ဝန်ကြီးချုပ် နာရင်ဒရာမိုဒီနှင့် မာ့ခ်ကာနေးတို့နှစ်ဦး သဘောတူညီချက် အများအပြားကို ကြေညာခဲ့

ဒေလီ မတ် ၃

အိန္ဒိယနိုင်ငံနှင့် ကနေဒါနိုင်ငံတို့သည် သံတမန်ရေးရာ တင်းမာမှုများကြောင့် ကျဆင်းသွားသော ဆက်ဆံရေးကို ပြန်လည်ကောင်းမွန်စေရန် ဒေလီမြို့တော်တွင် ဝန်ကြီးချုပ်အဆင့် တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် ၁၀ နှစ်သက်တမ်းရှိ ယူရေနီယံ ရောင်းချရေးသဘောတူညီချက်အပါအဝင် အခြားသော သဘောတူညီချက်အများအပြားကို ကြေညာခဲ့ကြောင်း သိရသည်။

ဝန်ကြီးချုပ် နာရင်ဒရာမိုဒီနှင့် မာ့ခ်ကာနေးတို့သည် နည်းပညာ၊ အရေးကြီးတွင်းထွက်ပစ္စည်းများ၊ အာကာသ၊ ကာကွယ်ရေးနှင့် ပညာရေး စသည့် ကဏ္ဍများတွင်လည်း သဘောတူညီမှု ရရှိခဲ့ကြသည်။

နှစ်ပေါင်းများစွာ ကြာမြင့်နေပြီဖြစ်သော လွတ်လပ်သော ကုန်သွယ်မှု သဘောတူညီချက်ကို ၂၀၂၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် အပြီးသတ်ရန် နှစ်ဦးသဘောတူညီခဲ့ကြကြောင်း ကာနေးက ပြောကြားသည်။နိုင်ငံနှစ်ခုစလုံးသည် အမေရိကန်၏ ကုန်သွယ်ရေး အခွန်စည်းကြပ်မှု ဒဏ်ခတ်ခြင်းများမှ သက်သာခွင့်ရရှိရန် ရည်မှန်းထားကြသည်။

ယခင်ဝန်ကြီးချုပ်လက်ထက်က ၂၀၂၃ ခုနှစ်တွင် ကနေဒါမြေပေါ်၌ ဆစ်ခ်ခွဲထွက်ရေးသမား ဟာဒီးပ်ဆင်းနီဂျာ လုပ်ကြံခံရမှုသည် ဒေလီအစိုးရနှင့် ဆက်နွှယ်နေသည်ဟု စွပ်စွဲခဲ့ခြင်းကြောင့် နှစ်နိုင်ငံဆက်ဆံရေးမှာ တင်းမာခဲ့ရသည်။ လက်ရှိ ကာနေးအစိုးရလက်ထက်တွင် ထိုသို့ ပျက်စီးခဲ့သော ဆက်ဆံရေးများကို ပြန်လည်ပြုပြင်ရန် ကြိုးပမ်းနေခြင်းဖြစ်ကြောင်း သိရသည်။

Mon



## အရှေ့အလယ်ပိုင်းဒေသသို့ ကန့်သတ်ပျံသန်းရေး ဝန်ဆောင်မှုများ ပြန်လည်စတင်နေပြီဟု အိန္ဒိယလေကြောင်းလိုင်းများ အတည်ပြု

ဒေလီ မတ် ၃

စစ်ပွဲကြောင့် သောင်တင်နေသည့် ခရီးသည်ထောင်ပေါင်းများစွာကို ပြန်လည်ခေါ်ယူရန်အတွက် အရှေ့အလယ်ပိုင်းဒေသသို့ ကန့်သတ်ပျံသန်းရေး ဝန်ဆောင်မှုများ ပြန်လည်စတင်နေပြီဟု အိန္ဒိယလေကြောင်းလိုင်းများက မတ်လ ၃ ရက်တွင် အတည်ပြုကြောင်း စီအင်န်အေ သတင်းဌာနက ဖော်ပြသည်။

တောင်အာရှသား သန်းပေါင်းများစွာသည် အရှေ့အလယ်ပိုင်း ဒေသတစ်လွှားတွင် နေထိုင်၍ အလုပ်လုပ်ကိုင်လျက်ရှိကြသည်။

နိုင်ငံများအကြား လေကြောင်းပျံသန်းမှုများကို တဖြည်းဖြည်းချင်း ပုံမှန်ပြန်ဖြစ်စေရန် ကြိုးပမ်းမှုတစ်ရပ်အနေဖြင့် ဆော်ဒီအာရေးဗီးယားနိုင်ငံ ဂျစ်ဒါမြို့သို့ အသွားအပြန် လေကြောင်းခရီးစဉ် လေးခု ပြေးဆွဲသွားမည်ဖြစ်ကြောင်း အင်ဒီဂိုလေကြောင်းလိုင်းက ပြောကြားသည်။

အလားတူ အဲအင်ဒီယားအက္ခပရက်စ် လေကြောင်းလိုင်းသည်လည်း အိုမန်နိုင်ငံ၏ မြို့တော် မက်စကတ်သို့ ပျံသန်းမည့် ခရီးစဉ်များကို မတ်၃ရက်မှ စတင်၍ ပြန်လည်ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

Mon

၀-၀-၀-၀-၀



# ရှေးဟောင်း လက်ကိုင်ကြေးနီ လေးကိုင်းပုံစံ လွန်ပူနှင့်ပတ်သက်၍ နှစ် ၁၀၀ ကျော်အကြာတွင် သုံးသပ်ချက်အသစ်များ ဖော်ထုတ်နိုင်ခဲ့

ကိုင်ရို မတ် ၃

ရှေးဟောင်းအီဂျစ်ခေတ်မှ လက်ကိုင်ကြေးနီ လေးကိုင်းပုံစံ လွန်ပူ တစ်ခုနှင့် ပတ်သက်၍ နှစ်ပေါင်း ၁၀၀ ကျော်အကြာတွင် သုံးသပ်ချက်အသစ်များ မကြာသေးမီက ဖော်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကြေးနီသတ္တုစပ်ဖြင့် ပြုလုပ်ထားသော အရာဝတ္ထုငယ်ကို ၁၉၂၀ ပြည့်နှစ်များအတွင်း အထက်အီဂျစ်ဒေသရှိ ဘာဒါရီတွင် သင်္ချိုင်းအမှတ် ၃၉၃၂ ဟု အမည်ပေးထားသော အရှယ်ရောက်ပြီး အမျိုးသားတစ်ဦး၏ ဂူအတွင်း၌ ပထမဆုံး ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

ယခုအခါ နှစ်ပေါင်း ၁၀၀ ခန့်အကြာတွင် နယူးကာဆယ်တက္ကသိုလ်နှင့် ဗီယင်နာအနုပညာအကယ်ဒမီတို့မှ သုတေသီများသည် ကိရိယာအသုံးပြုမှု သမိုင်းကြောင်းတွင် အဆိုပါ ရှေးဟောင်းပစ္စည်း၏ အလွန်ကြီးမားသော အရေးပါမှုကို အသိအမှတ်ပြုခဲ့ကြသည်။

ယင်းသုတေသနအဖွဲ့သည် အဆိုပါပစ္စည်းကို အဏုကြည့်မှန်ပြောင်းဖြင့် စစ်ဆေးခဲ့ပြီးနောက် ၎င်းသည် ပထမဆုံးသော ဖာရိုဘုရင်များ မအုပ်ချုပ်မီခေတ်ဖြစ်သည့် ခရစ်တော်မပေါ်မီ စတုတ္ထထောင်စုနှစ်နှောင်းပိုင်း ရှေးဟောင်းအီဂျစ်မင်းဆက်များ မတိုင်မီခေတ်မှ အစောဆုံး လည်ပတ်နိုင်သော သတ္တုလွန်ပူကိုကိုယ်စားပြုသည်ဟု ကောက်ချက်ချခဲ့ကြသည်။

ရှေးဟောင်းအီဂျစ်လူမျိုးများသည် ကျောက်သားဘုရားကျောင်းများ၊ ဆေးရေးပန်းချီများရှိသော ဂူသင်္ချိုင်းများနှင့် တောက်ပသော လက်ဝတ်ရတနာများကြောင့် ကျော်ကြားသော်လည်း ထိုအောင်မြင်မှုများ၏ နောက်ကွယ်တွင် ရှေးဟောင်းသုတေသန မှတ်တမ်းများ၌ တွေ့ရခဲသည့် လက်တွေ့ကျသော နေ့စဉ်သုံး နည်းပညာများ ရှိနေခြင်းဖြစ်သည်ဟု နယူးကာဆယ်တက္ကသိုလ်မှ သမိုင်း၊ ဂန္ထဝင်နှင့် ရှေးဟောင်းသုတေသနဌာန၏ ဧည့်သည်တော် သုတေသီ မာတင်အိုဒလာက ပူးတွဲရေးသားခဲ့သော သုတေသနနှင့် ပတ်သက်သည့် ထုတ်ပြန်ချက်တွင် ထောက်ပြခဲ့ကြောင်း သိရသည်။

Mon



## မီးဘေးလုံခြုံရေးတာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး၍ အသိပညာပေးခြင်းနှင့် ဓာတ်တိုက်လေ့ကျင့်ခြင်းများဆောင်ရွက်

**ကျောက်ပန်းတောင်း မတ် ၃**



မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်၌ တိုင်းဒေသကြီး ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ကြီးကြပ်ရေးကော်မတီမှ တာဝန်ရှိသူများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များလိုက်ပါလျက် ယမန်နေ့ နံနက်ပိုင်းက ပုဂ္ဂလိကဆေးရုံ ဆေးခန်းများတွင် မီးဘေးလုံခြုံရေး စစ်ဆေးအသိပညာပေးခြင်းနှင့် ဓာတ်တိုက်လေ့ကျင့်ခြင်းများ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ကြီးကြပ်ရေးကော်မတီမှ ညွှန်ကြားရေးမှူး ဒေါက်တာမျိုးသန့်ခိုင် ဦးဆောင်သော ကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းလွင်နှင့် အဖွဲ့ဝင်များ ဦးဆောင်၍ မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန်းမြင့်နှင့် တပ်ဖွဲ့ဝင်များသည် ကျောက်ပန်းတောင်းမြို့ သီရိမင်္ဂလာရပ်ကွက်ရှိ သုခပြည့်စုံ ပုဂ္ဂလိကဆေးရုံ၊ ပြည်တော်သာရပ်ကွက်ရှိ ပုဂ္ဂလိကပိုင်ဝင်းဆေးရုံတို့အား မီးဘေးလုံခြုံရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုတို့ကို ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ထိုသို့စစ်ဆေးရာတွင် သက်ဆိုင်ရာဌာနအလိုက် ကွင်းဆင်းစစ်ဆေးခြင်း၊ မီးဘေးလုံခြုံရေးဆိုင်ရာ စစ်ဆေးထောက်ခံချက် FSC ရယူဆောင်ရွက်ထားရှိပြီး ဆောင်ရွက်ထားရှိမှုအပေါ် မီးဘေးလုံခြုံရေးဆိုင်ရာ တပ်ဆင်ထားရှိရမည့် စနစ်များဖြစ်သည့် မီးသတ်ဆေးဘူးများ ကောင်းမွန်မှုရှိ၊ မရှိ၊ Bettery Backup System နှင့် Exit Sign များ ကောင်းမွန် မှု ရှိ၊ မရှိ၊ ရေရရှိရေးစနစ်များနှင့် ဆေးရုံပတ်ဝန်းကျင် မီးသတ်ယာဉ် ဝင်၊ ထွက်သွားလာနိုင်မှု၊ အရေးပေါ်လှေကားနှင့် ဆေးရုံအတွင်း အမှိုက်စွန့်ပစ်မှုစနစ်များ စစ်ဆေးပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန်းမြင့်နှင့် ဝန်ထမ်းများက ပုဂ္ဂလိကဆေးရုံ တာဝန်ရှိသူများနှင့် ဝန်ထမ်းများအား မီးဘေးလုံခြုံရေးဆိုင်ရာ အသိပညာပေး ဟောပြောခြင်းနှင့် မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်နည်းများကို လက်တွေ့ ပြသ၍ ဆေးရုံဝန်ထမ်းများနှင့်အတူ ဓာတ်တိုက်လေ့ကျင့်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(၄၅၆)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## လိုင်စင်မဲ့ မော်တော်ယာဉ်များ ဖမ်းဆီးအရေးယူ

**ပခုက္ကူ မတ် ၃**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်နှင့် မုံရွာမြို့နယ်တို့၌ ဖေဖော်ဝါရီ ၂၆ ရက်က လိုင်စင်မဲ့မော်တော်ယာဉ်များ ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၁၀ နာရီ ၂၅ မိနစ်တွင် ပခုက္ကူမြို့နယ်၊ အမှတ်(၁၅)ရပ်ကွက်၊ ကားကြီးကွင်းရှေ့၌ ပခုက္ကူမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီးရပ်ကွက်နေ ဦးကျော်မင်းထွေး (၃၅)နှစ်ဆိုသူ မောင်းနှင်ပြီး ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ သလူးချောင်းကျေးရွာနေ ထွန်းစိန်မောင်(ခ)ထွန်းခိုင်(၂၈)နှစ်ဆိုသူ လိုက်ပါလာသည့် INSIGHT မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ လိုင်စင်မဲ့မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ပခုက္ကူမြို့မရဲစခန်းမှ ပို့ကုန်သွင်းကုန်ဥပဒေဖြင့်လည်းကောင်း။

အလားတူ နံနက် ၁၁ နာရီတွင် စစ်ကိုင်းမြို့နယ်၊ ရတနာပုံတံတား တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ပူးပေါင်းအဖွဲ့က ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဇီးကုန်းရပ်ကွက်နေ ဦးစိုးမင်းသန်း(၅၅)နှစ်ဆိုသူ မောင်းနှင်လာသည့် NISSAN AD Van မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ လိုင်စင်မဲ့ မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် စစ်ကိုင်းမြို့မရဲစခန်းမှ ပို့ကုန်သွင်းကုန်ဥပဒေဖြင့်လည်းကောင်း။



ထို့အတူ ညနေ ၄ နာရီ ၄၅ မိနစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာနယ်မြေရဲစခန်းမှ ပူးပေါင်းအဖွဲ့က ပြည်တော်သာရပ်ကွက်၊ သာစည်လမ်းနှင့် မြို့ပတ်လမ်းဆုံအဝိုင်းအနီး၌ ယာဉ်စစ်ဆေးခြင်းများဆောင်ရွက်နေစဉ် သာစည်လမ်းအတိုင်း အနောက်မှ အရှေ့သို့ မုံရွာမြို့နယ်၊ ပြည်တော်သာရပ်ကွက်နေ ဦးအောင်ဇော်ထွေးဝင်း(ခ)ထွန်းထွန်း(၃၅)နှစ်ဆိုသူ မောင်းနှင်လာသည့် X-Trail မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ လိုင်စင်မဲ့မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် မုံရွာနယ်မြေရဲစခန်းမှ ပို့ကုန်၊သွင်းကုန်ဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



## ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အချို့၌ ဘိန်းစိုက်ခင်းများ ဖျက်ဆီး

**လွိုင်လင် မတ် ၃**

ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အချို့၌ ဖေဖော်ဝါရီ ၂၇ ရက်က စုစုပေါင်း ဘိန်းစိုက်ခင်း ဧက ၇၀ခန့်အား ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၇ နာရီ မိနစ် ၄၀ မှ ညနေ ၄ နာရီအထိ ရှမ်းပြည်နယ်၊ လွိုင်လင်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က လွိုင်လင်မြို့နယ်၊ ဝမ်ကုန်းကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်းဧက ၄၀ ခန့်အားလည်းကောင်း၊ အလားတူ နံနက် ၈ နာရီ မိနစ် ၅၀ မှ နံနက် ၁၁ နာရီအထိ ဟိုပုံးမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့က ဟိုပုံးမြို့နယ်၊ ဖက်ရမ်းလေးကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၇ ဧကခန့်အားလည်းကောင်း၊ ထို့အတူ နံနက် ၉ နာရီမှ မွန်းလွဲ ၃ နာရီခွဲအထိ ဆီဆိုင်မြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့က ဆီဆိုင်မြို့နယ်၊ ညီမီးကျေးရွာ အနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၁၁ ဧကခန့်အား လည်းကောင်း၊ ထို့အတူ နံနက် ၉ နာရီ မိနစ် ၂၀ မှ မွန်းလွဲ ၃ နာရီခွဲအထိ ပင်လောင်းမြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့က ပင်လောင်းမြို့နယ်၊ နောင်ဝိုးကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၁၂ ဧက ခန့်အားလည်းကောင်း အသီးသီး ဖျက်ဆီးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ) (မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## မော်တော်ယာဉ်မှ အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးရှိ ဓာတ်တိုင်အား ဝင်ရောက်တိုက်မိ

**တာချီလိတ် မတ် ၃**

ရှမ်းပြည်နယ်၊ တာချီလိတ်မြို့နယ်၌ မော်တော်ယာဉ်မှ အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးရှိ ဓာတ်တိုင်အား ဝင်ရောက်တိုက်မိခဲ့မှုကြောင့် အမျိုးသမီးတစ်ဦးသေဆုံးကာ တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၆ နာရီခွဲက ရှမ်းပြည်နယ်၊ တာချီလိတ်မြို့နယ်၊ ဝိန်းကျောက်ရပ်ကွက်၊ မြို့ရှောင်လမ်းပေါ်၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ အမှတ်(၁၂၁) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ တာချီလိတ်မြို့နယ်၊ မကာဟိုခမ်းရပ်ကွက်နေ မထက်ထက်ဝေ(၂၉)နှစ် ဆိုသူ မောင်းနှင်ပြီး ဝမ်ကောင်းရပ်ကွက်နေသူများဖြစ်ကြသည့် မစုစုနှင်း(၂၈)နှစ်နှင့် မနှင်းဝတ်ရည်(၂၇)နှစ် ဆိုသူတို့ လိုက်ပါလာသည့် TOYOTA NOAH မော်တော်ယာဉ်သည် မြို့ရှောင်လမ်းအတိုင်း ဟုန်လုံဈေးမှ မကာဟိုခမ်းရပ်ကွက်ဘက်သို့ မောင်းနှင်လာစဉ် အခင်းဖြစ်နေရာ အရောက်၌ အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးရှိ ဓာတ်တိုင်အား ဝင်ရောက်တိုက်မိခဲ့သဖြင့် မနှင်းဝတ်ရည် ဆိုသူတွင် ထိခိုက်ဒဏ်ရာများ ရရှိကာ သေဆုံးခဲ့ပြီး မစုစုနှင်း ဆိုသူတွင် ထိခိုက်ဒဏ်ရာများ ရရှိခဲ့သောကြောင့် ထက်ထက်ဝေဆိုသူအား ဟောင်လိတ်နယ်မြေရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



### အမြန်နှုန်း သတ်မှတ်ချက် လိုက်နာရန်

- ➢ မြို့နယ်နယ်နိမိတ်အတွင်း ၁နာရီလျှင် မိုင်၃၀(၄၈)ကီလိုမီတာထက် ပို၍ မမောင်းရ။
- ➢ မြို့နယ်နယ်နိမိတ်ပြင်ပ၌ ၁နာရီလျှင် မိုင် ၅၀ ကီလိုမီတာ(၈၀)ထက် ပို၍ မမောင်းရ။
- ➢ လမ်းညွှန်မှတ်တိုင်ဖြင့် ကန့်သတ်ထားသော နေရာများတွင် ကန့်သတ်အမြန်နှုန်းအတိုင်း မောင်းနှင်ရမည်။

မန္တလေးတိုင်းဒေသကြီး
ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

○ စာမျက်နှာ ၂၄ မှ
အမျိုးသမီးတစ်ဦး စုစုပေါင်း ၃၉၃ ဦးတို့ကို အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် ကွန်ပျူတာ ၁၇၄ လုံး၊ CPU အလုံး ၇၀၊ StarLink ကိုးလုံး၊ ဖုန်းမျိုးစုံ ၂၃၃ လုံး၊ ဆက်စပ် ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်းနှင့် ဖော်ထုတ်ရှင်းလင်းခြင်းများကို ဆက်လက် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ဖမ်းဆီးရမိသည့် အွန်လိုင်း လိမ်လည်လောင်းကစားမှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား လူသားချင်းစာနာထောက်ထားမှုနှင့် ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည် လွှဲပြောင်းပေးအပ်နိုင်ရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် အွန်လိုင်း လိမ်လည် လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများကိုလည်း ထပ်မံအသုံးပြုနိုင်ခြင်းမရှိစေရေး စနစ်တကျ ဖျက်ဆီးသွားမည်ဖြစ်သည်။

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်မှုများကိုအမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝ အခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ မယ်ခေါင် (၂) ရပ်ကွက်၌ အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်သူများအား ဝင်းရောက်ဖမ်းဆီးမှုကို တွေ့ရစဉ်။







ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ မယ်ခေါင်(၂) ရပ်ကွက်တွင် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသား ၅၀ အား ဖမ်းဆီးရမိမှုကို တွေ့ရစဉ်။



ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ မယ်ခေါင် (၂) ရပ်ကွက်တွင် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်သူများအား ဖမ်းဆီးရမိသည့် အဆောက်အအုံကို တွေ့ရစဉ်။




ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ မယ်ခေါင်(၂)ရပ်ကွက်တွင် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်သူ ဗီယက်နမ်နိုင်ငံသား အမျိုးသမီး ၁၁ ဦးအား တွေ့ရစဉ်။



ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ မယ်ခေါင်(၂)ရပ်ကွက်တွင် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်သူ မလေးရှားနိုင်ငံသား အမျိုးသမီး ခုနစ်ဦးအား တွေ့ရစဉ်။



ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ မယ်ခေါင် (၂) ရပ်ကွက်တွင် အွန်လိုင်း လိမ်လည် လောင်းကစားမှု ကျူးလွန်သူ ဖိလစ်ပိုင်နိုင်ငံသား အမျိုးသမီးတစ်ဦးကို တွေ့ရစဉ်။

# ပုသိမ်ကြီး မြို့မဈေးကြီး၌ မီးဘေးလုံခြုံရေး ဇာတ်တိုက်လေ့ကျင့် သရုပ်ပြသခြင်းဆောင်ရွက်

ပုသိမ်ကြီး မတ် ၃

မန္တလေး တိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ပုသိမ်ကြီးမြို့မဈေးကြီး၌ မီးဘေးလုံခြုံရေး ဇာတ်တိုက်လေ့ကျင့် သရုပ်ပြသမှု ဆောင်ရွက်ခြင်းကို ယနေ့မွန်းလွဲပိုင်းက ပူးပေါင်းဆောင်ရွက်သည်။



**ဇာတ်တိုက်လေ့ကျင့်**

အဆိုပါ မီးဘေးလုံခြုံရေး ဇာတ်တိုက်လေ့ကျင့် သရုပ်ပြ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးမင်းသန့်ဦးဆောင်၍ သန္တေတပ်ဖွဲ့ဝင်များ၊ မြို့မ အရန်တပ်ဖွဲ့ဝင်များ၊ မိုင်ကုန်း အရန်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ်နှစ်စီး၊ ရေသယ်ယာဉ်လေးစီးတို့ဖြင့် ဆောင်ရွက်ခဲ့ပြီး မြို့မဈေးကြီး အတွင်း၊ အပြင် ဇာတ်တိုက်လေ့ကျင့် မီးငြိမ်းသတ်မှုများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဇာနည်ကိုကို(ပြန်/ဆက်)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူ လူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# နိုင်ငံတကာ အားကစား သတင်းများ

## ဒါဝင်နူးနက်ဇ်အား ခေါ်ယူရန် ချဲလ်ဆီးအသင်းနှင့် နယူးကာဆယ်အသင်းတို့ အပြိုင်စိတ်ဝင်စား


**လန်ဒန် မတ် ၃**

ပရီးမီးယားလိဂ်ကလပ်အသင်းများဖြစ်သည့် ချဲလ်ဆီးအသင်းနှင့် နယူးကာဆယ်အသင်းတို့သည် အယ်လ်ဟီလာအသင်းနှင့်အဆင်မပြေဖြစ်နေသည့် တိုက်စစ်မှူး ဒါဝင်နူးနက်ဇ်အား ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၆)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ယခုနှစ်ဘောလုံးရာသီတွင် အယ်လ်ဟီလာအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၂၄ ပွဲကစားပြီး ကိုးဂိုးအထိ သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ပရီးမီးယားလိဂ် ကလပ်အသင်းများက အပြိုင်ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။ **(အောက်ယာပုံ)**

အယ်လ်ဟီလာအသင်းကလည်း ဒါဝင်နူးနက်ဇ်အတွက် သင့်တင့်သည့် ပြောင်းရွှေ့ဈေးနှုန်းရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် ချဲလ်ဆီးအသင်းနှင့် နယူးကာဆယ်အသင်းတို့အနေဖြင့် လာမည့်နွေရာသီဈေးကွက်အတွင်းတွင် အယ်လ်ဟီလာအသင်းထံမှ ဒါဝင်နူးနက်ဇ်အား မည်သည့်အသင်းက ခေါ်ယူသွားနိုင်မည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည်ဖြစ်သည်။ (NGB)



## 2026 ATX Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Peyton Stearns ဆွတ်ခူး



**ဝါရှင်တန် မတ် ၃**

အမေရိကန်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 ATX Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို အိမ်ရှင် အမေရိကန်တင်းနစ်မယ် Peyton Ste-arns က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ အိမ်ရှင်အမေရိကန်တင်းနစ်မယ် Peyton Stearns သည် 2026 ATX Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် တစ်နိုင်ငံတည်းနေသူ တင်းနစ်မယ် Taylor Townsend အား ၇-၆၊ ၇-၅ ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အသက်(၂၄)နှစ်အရွယ်ရှိ Peyton Stearns က "ကျွန်မအခုလို 2026 ATX Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလိုဆုတွေအပြင် နိုင်ငံအတွက် ဂုဏ်ဆောင်နိုင်အောင် ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။ (ဝဲပုံ)

(NGB)

## ခရစ္စတီဂျန်ဂျာကစ် ပေါင်ခြံဒဏ်ရာကြောင့် တစ်လခန့်အနားယူရဖွယ်ရှိ

**မြူးနစ် မတ် ၃**

အော့စ်ဘတ်အသင်း ကွင်းလယ်ကစားသမား ခရစ္စတီဂျန်ဂျာကစ်သည် ပေါင်ခြံဒဏ်ရာကြောင့် တစ်လခန့် အနားယူရဖွယ်ရှိနေသည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် အော့စ်ဘတ်အသင်းက ကိုလုံးအသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

အသက်(၂၈)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ခရစ္စတီဂျန်ဂျာကစ်သည် အော့စ်ဘတ်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၂၁ ပွဲ ကစားပြီး တစ်ဂိုး သွင်းယူထားသည်။

(ယာပုံ)(NGB)



## ၂၀၂၆ ခုနှစ်အတွင်း ပရီးမီးယားလိဂ်နိုင်ပွဲ လုံးဝမရှိသေးသည့်အသင်းအဖြစ် စပါးအသင်း မှတ်တမ်းဝင်

**လန်ဒန် မတ် ၃**

စပါးအသင်းသည် ၂၀၂၆ ခုနှစ်အတွင်း ပရီးမီးယားလိဂ် နိုင်ပွဲလုံးဝမရှိသေးသည့်အသင်းအဖြစ် စံချိန်မှတ်တမ်းဆိုးတစ်ရပ်ကို ပိုင်ဆိုင်ခဲ့သည်။

စပါးအသင်းသည် ၂၀၂၆ ခုနှစ်အတွင်းတွင် ပရီးမီးယားလိဂ် ၁၀ ပွဲအထိ ကစားထားပြီး နိုင်ပွဲတစ်ပွဲမှ မရရှိသေးပေ။

ထို့ပြင် စပါးအသင်းသည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပွဲစဉ် (၂၈)ပွဲကစားအပြီးတွင် ရမှတ် ၂၉ မှတ်ဖြင့် အဆင့်(၁၆)နေရာတွင် ရပ်တည်နေပြီး တန်ဆင်းဇုန်နေရာမှ ဝက်စ်ဟမ်းအသင်းနှင့် ရမှတ် ၄ မှတ်သာ ကွာဟလျက်ရှိနေသည်။

စပါးအသင်းအနေဖြင့် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် လာမည့် မတ် ၆ ရက်တွင် ခရစ္စတယ်ပဲလေ့စ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ယခုမှတ်တမ်းဆိုးကို ချေဖျက်နိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(NGB)

## ကာရစ်အား တရားဝင်နည်းပြအဖြစ် ခန့်အပ်ရန် မန်ယူအသင်း စီစဉ်လျက်ရှိသည်ဟု သတင်းများထွက်ပေါ်



**လန်ဒန် မတ် ၃**

မန်ယူအသင်းသည် ယာယီနည်းပြ ကာရစ်အား တရားဝင်နည်းပြအဖြစ် ခန့်အပ်ရန် စီစဉ်လျက်ရှိကြောင်း သတင်းများထွက်ပေါ်လျက်ရှိသည်။ (ယာပုံ)

အဆိုပါ နည်းပြသည် မန်ယူအသင်းကို ယာယီနည်းပြအဖြစ် ၇ ပွဲကိုင်တွယ်ရာ ၆ ပွဲနိုင်၊ ၁ ပွဲသရေဖြင့် ရှုံးပွဲမရှိအောင် စွမ်းဆောင်ထားနိုင်ခြင်းကြောင့် အသင်းက တရားဝင် နည်းပြအဖြစ် ခန့်အပ်ရန် စီစဉ်လာခြင်းဖြစ်သည်။

ထို့ပြင် မန်ယူအသင်းသည် ကာရစ်အား တရားဝင်နည်းပြအဖြစ် ခန့်အပ်ကာ သုံးနှစ်စာချုပ် ချုပ်ဆိုသွားမည်ဟုလည်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် မန်ယူအသင်းအနေဖြင့် လက်ရှိထွက်ပေါ်နေသည့် သတင်းများအတိုင်း ကာရစ်အား တရားဝင်နည်းပြအဖြစ် ခန့်အပ်သွားမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။ (NGB)

## ဒန်နီရယ်ဘဲလာ့ဒ် ဆန်းဒါးလန်းအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**လန်ဒန် မတ် ၃**

ဆန်းဒါးလန်းအသင်းသည် အသင်း နောက်ခံကစားသမား ဒန်နီရယ်ဘဲလာ့ဒ်ကို ၂၀၂၉ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။



အဆိုပါ နောက်ခံကစားသမားသည် ဆန်းဒါးလန်းအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၁၃ပွဲကစားပြီး ရှစ်ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၂၆)နှစ်အရွယ်ရှိ ဒန်နီရယ်ဘဲလာ့ဒ်က "ကျွန်တော်အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ဒီအသင်းဟာ ကျွန်တော့်ရဲ့ အိမ်ပါပဲ။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်" ဟု ပြောသည်။ (အပေါ်ပုံ)(NGB)

### စပိန်ဘုရင့်ဖလား ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်(ဒု-ကျော့)ပွဲစဉ် — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ပ-အကျော့တွေ့ဆုံမှု ရလဒ် |
|---|---|---|
| ၅-၃-၂၀၂၆<br>နံနက် ၀၂:၃၀ နာရီ | ဆိုစီဒက် - ဘီလ်ဘာအို<br>(လာလီဂါ-၈) (လာလီဂါ-၉) | ဘီလ်ဘာအို ၀-၁ ဆိုစီဒက် |

### အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၉) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၅-၃-၂၀၂၆<br>နံနက် ၀၂:၀၀ နာရီ | (၄)ဗီလာ - ချဲလ်ဆီး(၆)<br>(D,W,L,D,L) (W,D,W,D,L) | ဗီလာ ၂-၁ ချဲလ်ဆီး<br>ချဲလ်ဆီး ၃-၀ ဗီလာ |
| ။ | (၁၁)ဘရိုက်တန် - အာဆင်နယ်(၁)<br>(L,L,L,W,W) (D,W,D,W,W) | ဘရိုက်တန် ၁-၁ အာဆင်နယ်<br>အာဆင်နယ် ၁-၁ ဘရိုက်တန် |
| ။ | (၉)ဖူလ်ဟမ် - ဝက်စ်ဟမ်း(၁၈)<br>(L,L,W,W,W) (W,D,W,D,L) | ဖူလ်ဟမ် ၁-၁ ဝက်စ်ဟမ်း<br>ဝက်စ်ဟမ်း ၃-၂ ဖူလ်ဟမ် |
| ။ | (၂)မန်စီးတီး - နော့တင်ဟမ်(၁၇)<br>(W,W,W,W,W) (D,W,L,L,L) | မန်စီးတီး ၃-၀ နော့တင်ဟမ်<br>နော့တင်ဟမ် ၁-၀ မန်စီးတီး |
| ၅-၃-၂၀၂၆<br>နံနက် ၀၂:၄၅ နာရီ | (၁၃)နယူးကာဆယ် - မန်ယူ(၃)<br>(W,W,L,W,L) (W,W,D,W,W) | နယူးကာဆယ် ၄-၁ မန်ယူ<br>မန်ယူ ၀-၂ နယူးကာဆယ် |

### ကိုပါအီတာလီယာဖလား ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်(ပ-အကျော့)ပွဲစဉ် — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | နောက်ဆုံးတွေ့ဆုံမှု ရလဒ် |
|---|---|---|
| ၅-၃-၂၀၂၆<br>နံနက် ၀၂:၃၀ နာရီ | လာဇီယို - အတ္တလန္တာ<br>(စီးရီးအေ-၁၀) (စီးရီးအေ-၇) | လာဇီယို ၀-၂ အတ္တလန္တာ<br>အတ္တလန္တာ ၀-၀ လာဇီယို |

### ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၇)ပွဲကျန် — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲ ရလဒ်) | ယမန်နှစ် ရလဒ် |
|---|---|---|
| ၅-၃-၂၀၂၆<br>နံနက် ၀၂:၀၀ နာရီ | (၁၀)ဟမ်းဘတ် - လေဗာကူဆင်(၆)<br>(D,W,W,D,L) (W,W,L,D,D) | ဟမ်းဘတ် ၁-၀ လေဗာကူဆင်<br>လေဗာကူဆင် ၃-၁ ဟမ်းဘတ် |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၃)ပွဲကျန် — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲ ရလဒ်) | ယမန်နှစ် ရလဒ် |
|---|---|---|
| ၅-၃-၂၀၂၆<br>နံနက် ၀၀:၃၀ နာရီ | (၁၅)ဗယ်လင်ကာနို - အိုဗီဒို(၂၀)<br>(L,L,W,D,D) (L,W,L,D,L) | —— |

### မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၀) — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်(နောက်ဆုံးငါးပွဲ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၄-၃-၂၀၂၆<br>ဗုဒ္ဓဟူးနေ့ | ညနေ ၃:၃၀ နာရီ | (၁၀)သစ္စာအားမာန် - ISPE(၆)<br>(W,D,L,D,D) (L,D,L,W,L) | သစ္စာအားမာန် ၁-၄ ISPE<br>ISPE ၀-၅ သစ္စာအားမာန် |
| ၄-၃-၂၀၂၆<br>ဗုဒ္ဓဟူးနေ့ | ညနေ ၄:၀၀ နာရီ | (၄)ဟံသာဝတီ - ရန်ကုန်(၂)<br>(W,D,W,D,L) (W,W,W,D,W) | ဟံသာဝတီ ၂-၂ ရန်ကုန်<br>ရန်ကုန် ၁-၁ ဟံသာဝတီ |

### ပြင်သစ်ဖလား ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ် — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်(အမှတ်ပေးပွဲ အဆင့်) | နောက်ဆုံးတွေ့ဆုံမှု ရလဒ် |
|---|---|---|
| ၅-၃-၂၀၂၆<br>နံနက် ၀၂:၀၀ နာရီ | လိုရီယန့် - နိစ်<br>(ပြင်သစ်လီဂူး-၁၀) (ပြင်သစ်လီဂူး-၁၅) | လိုရီယန့် ၃-၁ နိစ်<br>နိစ် ၃-၃ လိုရီယန့် |
| ၅-၃-၂၀၂၆<br>နံနက် ၀၂:၃၀ နာရီ | မာဆေးလ် - တူးလော့စ်<br>(ပြင်သစ်လီဂူး-၄) (ပြင်သစ်လီဂူး-၁၁) | မာဆေးလ် ၃-၂ တူးလော့စ်<br>တူးလော့စ် ၁-၃ မာဆေးလ် |



# နွေရာသီအခြေခံအားကစားသင်တန်းဖွင့်ပွဲ ကျင်းပ

**တောင်ကြီး မတ် ၃**

တောင်ကြီးမြို့၊ သစ်တောရပ်ကွက်ရှိ ရှမ်းပြည်နယ်လေ့ကျင့်ရေးအားကစားကွင်း၌ ယမန်နေ့နံနက် ၁၀ နာရီက ၂၀၂၆ ခုနှစ် နွေရာသီအခြေခံ အားကစားသင်တန်းဖွင့်ပွဲ ကျင်းပသည်။

အခမ်းအနားသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိန်ဝင်းနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တောင်ကြီးတက္ကသိုလ် ပါမောက္ခချုပ်နှင့် တက္ကသိုလ်၊ ဒီဂရီ၊ ကောလိပ်၊ သိပ္ပံကျောင်းများမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဖိတ်ကြားထားသူများ၊ နည်းပြဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် စစ်ရေးပြမှူးက ဦးဆောင်၍ အားကစားနည်းအလိုက် သင်တန်းသား၊ သင်တန်းသူများက ပြည်နယ်ဝန်ကြီးချုပ်အား အလေးပြုကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး အားကစားနည်းအလိုက် သင်တန်းသား၊ သင်တန်းသူများက အားကစားသစ္စာ အဓိဋ္ဌာန်ရွတ်ဆိုကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကစားနည်းအလိုက် သင်တန်းသား၊ သင်တန်းသူများကို လိုက်လံနှုတ်ဆက်ကြသည်။

ဆက်လက်၍ အားကစားနည်းအလိုက် အားကစားအထောက်အကူပြုပစ္စည်းများ ပေးအပ်ခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်က ဘင်ခရာအဖွဲ့အား ဂုဏ်ပြုဆုငွေကျပ် နှစ်သိန်းကို ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါ ၂၀၂၆ ခုနှစ် နွေရာသီအခြေခံအားကစားသင်တန်းတွင် အခြေခံအားကစား ၂၂ မျိုးကို မတ် ၁၅ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ပြီး အားကစားနည်းအလိုက် သင်တန်းသား၊ သင်တန်းသူ ၁၇၈၈ ဦး တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(၃၆၈)**



# (၃၅)နှစ်မြောက်နှစ်ပတ်လည် လုပ်ငန်းညှိနှိုင်းစည်းဝေး ထပ်ဆင့်ရှင်းလင်းပွဲ ကျင်းပ

**မန္တလေး မတ် ၃**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၃၅)နှစ်မြောက် နှစ်ပတ်လည် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဖေဖော်ဝါရီ ၂၅ ရက်တွင် နေပြည်တော်၌ ကျင်းပခဲ့ရာ အဆိုပါ နှစ်ပတ်လည် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲကို မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ တိုင်းဒေသကြီးရုံး၌ ယမန်နေ့ မွန်းလွဲပိုင်းက ကျင်းပခဲ့သည်။

ရှေးဦးစွာ 'တူညီအိပ်မက်လက်ချင်းယှက် အောင်ပွဲဆက်မည် IPRD' Video Click ကို ပြသခဲ့ပြီး မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးက 'နှစ်ပတ်လည် အခမ်းအနားမှာ မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင်မြို့နယ်တွင် ဆုရရှိသူများအားလုံးကို ဂုဏ်ယူပါကြောင်း၊ မန္တလေးတိုင်းဒေသကြီး၏ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းရန်၊ ၂၀၂၅ ခုနှစ်အတွင်း ကြုံတွေ့ခဲ့ရသော လုပ်ငန်းအားသာချက်၊ အားနည်းချက်များနှင့် အခက်အခဲများအား ပြုပြင်ကာ ၂၀၂၆ ခုနှစ်အတွင်း အရှိန်အဟုန်မြှင့်တင်၍ ကြိုးပမ်းဆောင်ရွက်သွားကြရန်' အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဆုရရှိသူများအား ထပ်ဆင့်ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ရာ မြို့နယ်အဆင့် သတင်းလွှင့်တင်ဖော်ပြခံရမှု ပထမဆုရရှိသော ချမ်းအေးသာစံမြို့နယ်ရုံး၊ အထူးဆုရရှိသော မဟာအောင်မြေမြို့နယ်ရုံးနှင့် မန္တလေးတိုင်းဒေသကြီး သတင်းမှန် တုံ့ပြန်ဆောင်ရွက်နိုင်မှုဆုကို ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်မာဖြူအား ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် (၃၅)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဝန်ထမ်းချီးမြှင့်ငွေများနှင့် ၂၀၂၅ ခုနှစ် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အသိပညာပေးလှုပ်ရှားနိုင်မှု ထပ်ဆင့်ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ခဲ့ပြီးနောက် ညွှန်ကြားရေးမှူးက ၂၀၂၆ ခုနှစ်တွင် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားခဲ့ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**ချမ်းမြေ့မောင်(ချမ်း/စံ)**

၀-၀-၀-၀-၀-၀-၀

# နွေရာသီ အခြေခံအားကစားနည်းငါးမျိုး အခမဲ့ဖွင့်လှစ်သင်ကြား

**လားရှိုး မတ် ၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့တွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ နွေရာသီကျောင်းပိတ်ရက်အတွင်း ကျောင်းသား၊ ကျောင်းသူ လူငယ်၊လူရွယ်များအနေဖြင့် အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန်၊ ကျန်းမာပျော်ရွှင်၍ အားကစားကဏ္ဍဖွံ့ဖြိုးပြီး နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ နွေရာသီ အခြေခံအားကစားနည်းငါးမျိုးကို အခမဲ့ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ နွေရာသီ အခြေခံအားကစားသင်တန်းကို မတ် ၁ ရက်မှ ၂၀ ရက်အထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး ပြည်ထောင်စုအားကစားကွင်းတွင် ဘောလုံး၊ ပိုက်ကျော်ခြင်း၊ ဘော်လီဘော၊ ကြက်တောင်၊ စစ်တုရင် စသည့် အားကစားနည်းများကို သက်ဆိုင်ရာ နည်းပြဆရာများဖြင့် စနစ်တကျလေ့ကျင့်သင်ကြားပေးလျက်ရှိပြီး သင်တန်းပြီးဆုံးပါက သင်တန်းဆင်း ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)**

**လှမော်(ပြန်/ဆက်)**





# ပဒဲဆည်ရေသောက်ဧရိယာအတွင်း နွေသီးနှံများ စတင်စိုက်ပျိုး

**အောင်လံ မတ် ၃**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့နယ်ရှိ ဒေသခံတောင်သူများ နွေသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်အတွက် ပဒဲရေလှောင်တမံမှ စိုက်ပျိုးရေများကို ယမန်နေ့မှ စတင်၍ စနစ်တကျ လွှတ်ပေးလျက်ရှိသည်။

အဆိုပါ ဆည်ရေသောက်ဧရိယာများတွင် တောင်သူများမှ ရေယူခြင်း၊ မြေပြင်ခြင်းနှင့် ပျိုးထောင်စိုက်ပျိုးခြင်းများ ဆောင်ရွက်လျက်ရှိသည်။ မိုးစပါးဆည်ရေပေးဝေအပြီး ပဒဲရေလှောင်တမံတွင် ကန်ရေပြည့်ပမာဏ၏ ၈၂ ရာခိုင်နှုန်း ဆည်ရေလုံလောက်စွာ သိုလှောင်ထားရှိရာ ဒေသခံတောင်သူများအား ရာသီအလိုက် သီးနှံများ စိုက်ပျိုးနိုင်ရန်၊ စိုက်ပျိုးရေလုံလောက်စွာ ရယူနိုင်ရန်အတွက် မြောင်းပြုပြင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်ထားသည်။ တောင်သူများသို့လည်း နွေသီးနှံစိုက်ပျိုးမှုအတွက် ဆည်ရေပေးဝေမည်ဖြစ်သဖြင့် လယ်ကြားမြောင်းများ ရှင်းလင်းထားရေး၊ စိုက်ပျိုးချိန်ညီမျှမှုအတွက် နှိုးဆော်ထားရာ ယခုအခါ တောင်သူများက ၎င်းတို့၏ လယ်ကွက်များအတွင်း ရေရယူခြင်း၊ မြေပြင်ခြင်းတို့ ဆောင်ရွက်ကြပြီး နွေစပါးများကို စတင်စိုက်ပျိုးထားပြီး ဖြစ်သည်။

အောင်လံမြို့နယ်တွင် ပဒဲဆည်ရေသောက်ဧရိယာတွင် မြောင်းမကြီးတစ်လျှောက်နှင့် လက်တံမြောင်းများမှ လျာထားဧရိယာ ၁၃၉၀ ဧကတို့ကို လျာထားစိုက်ပျိုးလျက်ရှိကြောင်းနှင့် သီးနှံများ အောင်မြင်ဖြစ်ထွန်းသည်အထိ ဆည်ရေ လုံလောက်စွာ ပေးဝေသွားမည်ဖြစ်ကြောင်း အောင်လံမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။ **(အပေါ်ဝဲပုံ)**

**အာကာ(ပြန်/ဆက်)**

# မီးဘေးလုံခြုံရေးအသိပညာပေးဟောပြောခြင်းနှင့် မီးသတိမူရေးဆော်ဩခြင်းလုပ်ငန်းများ ဆောင်ရွက်

**ဒက္ခိဏသီရိ မတ် ၃**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ် မြို့မဈေးနှင့် ပျံကျဈေးတို့တွင် ပွင့်လင်းရာသီကာလ ရောက်ရှိလာပြီဖြစ်၍ မီးဘေးအန္တရာယ်ကင်းဝေးစေရန်အတွက် မီးဘေးလုံခြုံရေး အသိပညာပေး ဟောပြောခြင်း၊ ဓာတ်တိုက်လေ့ကျင့်ခြင်းနှင့် မီးသတိမူရေးဆော်ဩခြင်းလုပ်ငန်းများကို ယမန်နေ့က ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဒက္ခိဏသီရိမြို့နယ် မီးသတ်ဦးစီးမှူး ဦးဝေလျှံထွေးနှင့် သန္တေမီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေး အသိပညာပေး ဟောပြောခြင်း၊ ဓာတ်တိုက်လေ့ကျင့်ခြင်းနှင့် မီးသတိမူရေးဆော်ဩခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ဈေးဆိုင်များရှိ ဆိုင်ပိုင်ရှင်များနှင့် ဈေးလုံခြုံရေးဝန်ထမ်းများအား မီးဘေးလုံခြုံရေးဆိုင်ရာ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**(ယာပုံ)**

**အောင်သူရဦး(ပြန်/ဆက်)**



## ပုဂံရှေးဟောင်းသုတေသနပြတိုက်ရှိ လေ့လာဖွယ်ရာ ဇောတိပင်ရင်း၌ ဘုရားပွင့်တော်မူခန်း ရုပ်ကြွဆင်းတုတော်ကို လေ့လာနိုင်



**ပုဂံ မတ် ၃**

ပုဂံရှေးဟောင်းသုတေသနပြတိုက်ကြီးတွင် ပြခန်း ၁၀ ခန်းအနက် အထူးပင်မပြခန်းရှိ ဗုဒ္ဓဝင်ရှစ်ခန်းတွင် သဲကျောက်သားဖြင့် ထုဆစ်ပုံဖော်ထားသော ဇောတိပင်ရင်း၌ ဘုရားပွင့်တော်မူခန်း ရုပ်ကြွကို လာရောက်လေ့လာနိုင်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ တာဝန်ရှိသူများထံမှ သိရသည်။

ဇောတိပင်ရင်း၌ ဘုရားပွင့်တော်မူခန်း ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားသည် ကဏ္ဍကမြင်းတော်စီးပြီး ဖွားဖက်တော် ဆန္နအမတ်ကို ခေါ်၍ မြင်းမြီးဆွဲကိုင်စေလျက် မဟာသက္ကရာဇ် ၉၇ ခုနှစ်၊ ဝါဆိုလပြည့်၊ တနင်္လာနေ့၊ ညဥ့်သန်းခေါင်ယံအချိန်တွင် ရွှေနန်းတော်မှ ထွက်ခွာ၍ တောထွက်တော်မူခဲ့သည်။ လမ်းခရီး၌ မာရ်နတ်၏ တားဆီးပိတ်ပင်မှုကို ကျော်ဖြတ်၍ အနော်မာမြစ်သို့ ရောက်ရှိခဲ့သည်။

အနော်မာမြစ်သို့ ရောက်သောအခါ ဆံတော်ကိုပယ်၍ ဃဋီကာ ဗြဟ္မာကြီး ဆပ်ကပ်လှူဒါန်းသော ပရိက္ခရာရှစ်ပါးကို သပ္ပာယ်စွာဆင်မြန်းပြီး ရဟန်းအသွင်ယူလျက် အနုပိယမည်သော တော၌ ခုနစ်ရက်ခန့် နေတော်မူ၏။ ထိုမှ ရာဇဂြိုဟ်ပြည် ၄င်းမှ တစ်ဆင့် ဥရုဝေလတောသို့ ရောက်ရှိပြီး ဒုက္ကရစရိယာအကျင့်ဖြင့် ကျင့်တော်မူသည်။ ဘုရားအလောင်းသည် ဇောတိညောင်ပင်ရင်း၌ ခြောက်နှစ်ကြာမျှ ဒုက္ကရစရိယာ ကျင့်တော်မူရာ ဘုရားအဖြစ်သို့ ရောက်ရှိရန် နီးချိန်တွင် မာရ်နတ်နှင့် စစ်သည်များသည် တစ်ဦးလျှင် လက်နက်တစ်မျိုးစီ ကိုင်ဆောင်ကာ ကြောက်မက်ဖွယ်ရာ အဆင်းသဏ္ဌာန်မျက်နှာအမျိုးမျိုး ဖန်ဆင်း၍ ဘုရားအလောင်းတော်အား တိုက်ခိုက်လာကြသည်။ မာရ်နတ်ကိုယ်ကလည်း လက်ရုံးတစ်ထောင် ဖန်ဆင်း၍ လက်နက်ပေါင်း တစ်ထောင်ကိုင်ဆောင်ကာ တိုက်ခိုက်သည်။ ရှေးဦးစွာ မာရ်နတ်သည် ပြင်းထန်သော လေမုန်တိုင်းကျစေခြင်း၊ မိုးကြီးစွာ ရွာသွန်း၍ ရေ၌ မျောစေခြင်း၊ ကျောက်ခဲမိုးရွာသွန်းစေခြင်း၊ ဓား၊ လှံ၊ မြားမိုးရွာသွန်းစေခြင်း၊ မီးကြီးဆိုင်မိုးများရွာသွန်းစေခြင်း၊ ပြာပူ၊ သဲပူ၊ ရွှံ့ပူမိုးရွာသွန်းစေခြင်း၊ နေရောင်ကွယ်၍ အမိုက်မှောင်ကြီးဖြစ်စေခြင်း စသည်ဖြင့် လက်နက်အမျိုးမျိုးဖြင့် တိုက်ခိုက်သည်။ မာရ်နတ်ကိုယ်တိုင် ဂီရိမေခလာမည်သော ဆင်ကျောကုန်း၌ ထိုင်၍ စစ်လက်နက်များကို တစ်ဖန် လွှတ်ပြန်လေသည်။ ၄င်းလက်နက်သည် မြေ၌ ပစ်လျှင် ၁၂ နှစ်ကြာ မြက်မပေါက်၊ ကောင်းကင်ပစ်လျှင် ၁၂ နှစ်ကြာ မိုးရေတစ်ပေါက်မှမကျနိုင်ဘဲ မိုးခေါင်၏။ မြင်းမိုရ်တောင် ထိပ်ပစ်လျှင် မြင်းမိုရ်တောင်နှစ်ခြမ်းကွဲ၍ အောက်သို့ လျှောကျစေသော အာနုဘော်ရှိ၏။ ထိုအခါ မြတ်စွာဘုရားရှင်သည် မိမိဖြည့်ဆည်းခဲ့ဖူးသော ပါရမီဆယ်ပါးအား နှလုံးပိုက်ကာ ပြုခဲ့သမျှကုသိုလ်ကို မဟာပထဝီမြေကြီးအား သက်သေတည်၍ အမိဋ္ဌာန်၏။ ထိုအခါ ဝသုန္ဒရီမြေစောင့်နတ် ပေါ်ထွက်လာ၍ ဘုရားအလောင်း အတိတ်ဘဝက ပြုခဲ့သော ဒါနကုသိုလ်တို့အား ပေါင်းစုကာ ဆံပင်ကို ညှစ်ပြီး မဟာသမုဒ္ဒရာ ဖန်ဆင်းလျက် မာရ်နတ်နှင့် အပေါင်းအပါတို့အား ရေ၌ မျောပါစေကုန်၏။ ဘုရားအလောင်း၏ ပါရမီဆယ်ပါးနှင့် မေတ္တာစိတ်ကြောင့် မာရ်နတ်နှင့် အပေါင်းအပါတို့ ပစ်လွှတ်သော လက်နက်ဟူသမျှ ဘုရားအလောင်းခြေရင်း၌ ဝပ်ဆင်း၍ ကျရောက်ကုန်၏။ ဘုရားလောင်းသည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်နေ့၌ ဘုရားအဖြစ်သို့ ရောက်ရှိတော်မူသည်။

သဲကျောက်တစ်တုံးတည်းဖြင့် ထုဆစ်ထားသော အေဒီ ၁၁ ရာစု လက်ရာဖြစ်ပြီး မြင်းကပါ နဂါးရုံဘုရားမှ ရရှိသည်။ ဘုရားရှင်သည် ကြာမောက်၊ကြာလှန် ပလ္လင်ထက်တွင် ထက်ဝယ်ဖွဲ့ခွေထိုင်လျက် လက်ယာလက်မှ ဘူမိဖဿမုဒြာဟန်ဖြစ်ပြီး အေဒီ ၁၁ ရာစု၏ ထူးခြားသည့် လက္ခဏာတော်များဖြစ်သည့် ပုတီးစေ့ပုံ ဆံတော်ပါရှိခြင်း၊ မုန်ကင်းတော်ပါရှိခြင်း၊ ဥုဏှာလုံ(ခေါ်)မွေ့ရှင်တော်ပါရှိခြင်း၊ ကွေးနေသော မျက်ခုံးတော်၊ ချွန်သောနှာခေါင်းတော်၊ လည်ရေးသုံးရစ်ပါရှိခြင်း၊ ကျယ်ပြန့်သော ရင်အုပ်တော်၊ သေးသွယ်သောခါးတော်၊ ပါးလွှာသောသင်္ကန်းတော်၊ လက်ချောင်းတော်၊ ခြေချောင်းတော်များသည် သာမန်လူသားကဲ့သို့ အတိုအရှည် မညီခြင်း၊ လမ်ဘော(ခေါ်)ဗိုက်သားတော် ပါရှိခြင်း စသည့် လက္ခဏာများဖြင့် အနုစိတ်ထုဆစ်ထားသည်ကို တွေ့ရှိရသည်။ ပုဂံရှေးဟောင်းသုတေသနပြတိုက်သို့ ရောက်ရှိခဲ့ပါက ဇောတိပင်ရင်း၌ ဘုရားပွင့်တော်မူခန်းကို ဖူးမြော်လေ့လာနိုင်ကြောင်း သိရသည်။


(အပေါ်ဝဲပုံ)

(၄၈၁)

## (၄၄)ကြိမ်မြောက် သွေးလှူဒါန်း

**မြင်းခြံ မတ် ၃**

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ သဇင်နွယ်လမ်း၊ စိတ္တသုခကျောင်းဓာတ်တော်တိုက် ပဓာနနာယက သားသတ်လွတ် ဆရာတော် ဘဒ္ဒန္တဝိစိတ္တာလင်္ကာရ(လူမှုထူးချွန် ပထမအဆင့်)၊ မြင်းခြံမြို့နယ်၊ ဒူလာဘိုရွာဇာတိသည် အမှတ်(၂) တပ်မတော်ဆေးရုံ ခုတင်(၅၀၀)တွင် ယမန်နေ့က ဇီဝိတဒါန အဖြစ် (၁၄၄)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။



(အပေါ်ပုံ) (ဝ၄၀)



## (၂၉)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့ ကျင်းပ ၊ (၇၅)နှစ်အထက် သက်ကြီးသမားတော်များအား ဂါရဝပြုကန်တော့

**မန္တလေး မတ် ၃**

၂၀၂၆ ခုနှစ် (၂၉)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့ကို "ပညာရှင်ရှေးသမားကျေးဇူးတရားမမေ့ပြား" ပညာရှင် တိုင်းရင်းဆေးသမားတော်ကြီးများအား ဦးထိပ်ထားလျက် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း (မန္တလေးတိုင်းဒေသကြီး)မှ ကြီးမှူး၍ မတ် ၂ ရက်၊(တပေါင်းလပြည့်နေ့) နံနက် ၉ နာရီက မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အဘယာရာမမိုးထိတိုက်၊ ဝေယံဘုံကျော်ကျောင်းဓမ္မာရုံတွင် ကျင်းပခဲ့သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီအဖွဲ့ဝင်များ၊ မန္တလေးတိုင်းရင်းဆေးတက္ကသိုလ် ပါမောက္ခချုပ်၊ မန္တလေးတိုင်းဒေသကြီး တိုင်းရင်းဆေးပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊တိုင်းရင်းဆေးရုံအုပ်ကြီးနှင့် မြို့နယ်တိုင်းရင်းဆေးမှူးများ၊ မန္တလေးတိုင်းဒေသကြီးနှင့် ခရိုင်တိုင်းရင်းဆေးဆရာအသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ တိုင်းရင်းဆေးဆရာများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့ကို ဆက်လက်ကျင်းပရာ တိုင်းရင်းဆေးသမားတော်များက နဝရတ်ကတိသစ္စာရွတ်ဖတ်ကြပြီး မန္တလေးတိုင်းဒေသကြီး တိုင်းရင်းဆေးသမားတော်အသင်းဥက္ကဋ္ဌက မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့အတွက် မြန်မာနိုင်ငံတိုင်းရင်းဆေးသမားတော်အသင်း(ဗဟို)မှ ပေးပို့သော သဝဏ်လွှာအား ဖတ်ကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီနာယက ဦးမြင့်လွင်က မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့အကြောင်း သိမှတ်စရာများကို မျှဝေသည်။ ထို့နောက် အလှူရှင်များအား ဂုဏ်ပြုလွှာများ ပေးအပ်၍ ဘဏ္ဍာရေးမှူးက ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားပြီး သက်ကြီးသမားတော်ကြီးများအား ဂါရဝပြုကန်တော့ကြ၍ ကန်တော့ပစ္စည်းများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

(ဝ၄၅)

## ကျွန်းလှမြို့နယ်တွင် ဆောင်းရာသီ၌ စိုက်ပျိုးသော ကုလားပဲ ဧက ၂၀၀ ကျော် ရိတ်သိမ်းပြီးစီး

**ကျွန်းလှ မတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်၌ ရာသီအလိုက် သီးနှံမျိုးစုံ စိုက်ပျိုးထုတ်လုပ်ကြရာ ယခုနှစ် ဆောင်းရာသီတွင် စိုက်ပျိုးသော ကုလားပဲ ဧက ၂၀၀ ကျော်ရိတ်သိမ်းပြီးစီးကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ကျွန်းလှမြို့နယ်မှာ ဒီနှစ် ဆောင်းရာသီ ကုလားပဲစိုက်ပျိုးဖို့ ၂၃၉ ဧကလျာထားပြီး ၂၄၁ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ကုလားပဲ စိုက်ပျိုးရာမှာ သီးသန့်စိုက်ပျိုးကြ၍ လယ်ရိတ်သိမ်းပြီး သီးထပ်အဖြစ် အများဆုံးစိုက်ပျိုးကြပါတယ်။ ယခုအခါ ဧက ၂၂၀ ရိတ်သိမ်းပြီး တစ်ဧက ၂၂ ဒသမ ၇၃ တင်း ထွက်ရှိပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

အဆိုပါ ကုလားပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းစေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းစင်ရေးနှင့် ရိတ်သိမ်းချိန်လွန်နည်းပညာများ ကွင်းဆင်းအသိပညာပေးခဲ့သည်။

ကျွန်းလှမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲမျိုးစုံစိုက်ပျိုးမှုအဖြစ် မတ်ပဲ၊ ထောပတ်ပဲ၊ ကုလားပဲ၊ စားတော်ပဲ၊ ခွန်တာပြာ၊ ပဲရာဇာ စုစုပေါင်း ၂၁၈၉၆ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ဒေသခံပြည်သူများ အလုပ်အကိုင် အခွင့်အလမ်း ရရှိကြပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။



(အောက်ပုံ) (၄၈၀)

# Health အလှအပနှင့် ကျန်းမာရေးကဏ္ဍ

## ချိုင်း(ဂျိုင်း)ချွေးနံ့သက်သာစေတဲ့ ကျောက်ချဉ်

ကျောက်ချဉ်ဟာ ရှေးခေတ် နှစ်ပေါင်းများစွာကတည်းက သုံးစွဲလာကြတဲ့ သဘာဝချွေးနံ့ ပျောက်ဆေးတစ်မျိုးပါ။ ဝယ်ယူရလွယ်ကူပြီး ဈေးနှုန်းချိုသာတဲ့အပြင် ပြင်းအားများတဲ့ ဓာတုပစ္စည်းတွေ အလွန်အကျွံမပါဝင်တာကြောင့် အသားအရေ ထိခိုက်ပျက်စီးမှုမရှိဘဲ အနံ့ဆိုးထွက်ခြင်းကို ထိထိရောက်ရောက် တားဆီးပေးနိုင်ပါတယ်။

လူတိုင်းသည် ချွေးက နံတယ်လို့ ထင်တတ်ကြပေမယ့် တကယ်တော့ ချွေးဟာ အနံ့မရှိပါဘူး။ အရေပြားပေါ်က ဘက်တီးရီးယားတွေက ချွေးကို စားသုံးပြီး ပြိုကွဲစေတဲ့အခါမှသာ အနံ့ဆိုးထွက်လာတာပါ။

ကျောက်ချဉ်မှာ ဘက်တီးရီးယားတွေကို သေစေနိုင်တဲ့ အစွမ်းသတ္တိရှိပါတယ်။ ချွေးပေါက်တွေကိုကျဉ်းစေပြီး ချွေးထွက်နှုန်းကို အနည်းငယ် လျော့ကျစေကာ အရေပြားပေါ်မှာ ပါးလွှာတဲ့ အလွှာလေးတစ်ခု ဖန်တီးပေးပြီး ဘက်တီးရီးယားတွေ မပေါက်ပွားအောင် တားဆီးပေးပါတယ်။

ကျောက်ချဉ်ကို ရေချိုးပြီးခါစ ခန္ဓာကိုယ်သန့်ရှင်းနေတဲ့ အချိန်မှာ သုံးတာ အကောင်းဆုံးပါ။ ကျောက်ချဉ်တုံးကို ရေအနည်းငယ်ဆွတ်ပြီး ချိုင်း(ဂျိုင်း)အောက် (သို့မဟုတ်) ချွေးနံ့ထွက်တတ်တဲ့ နေရာတွေကို အနှံ့အပြား ပွတ်ပေးပါ။

အင်္ကျီမဝတ်ခင် ချိုင်း(ဂျိုင်း)ကို လုံးဝခြောက်သွေ့သွားအောင် ခဏစောင့်ပါ။ သုံးပြီးရင် ကျောက်ချဉ်တုံးကို ပြန်ဆေးပြီး ခြောက်သွေ့တဲ့နေရာမှာ သိမ်းဆည်းပါ။

ချိုင်း(ဂျိုင်း)မွေးရိတ်ပြီးခါစ ပွန်းပဲ့နေတဲ့နေရာကို ပွတ်မိရင် စပ်ဖျဉ်းဖျဉ်း ဖြစ်နိုင်ပါတယ်။

အရေပြား ဓာတ်မတည့်မှု ဖြစ်တတ်ရင်တော့ ယားယံတာမျိုးရှိနိုင်တာကြောင့် ယားလာရင် သုံးတာကို ရပ်လိုက်ပါ။

**Daisy**



## ကြည်တောက်ရှင်း အသားအရေပိုင်ဆိုင်ဖို့ လိုက်နာရမယ့် အရာများ

'ကြည်တောက်ရှင်း' အသားအရေကို ပိုင်ဆိုင်ချင်ရင် အပြင်ပိုင်းထိန်းသိမ်းမှုတင်မကဘဲ အတွင်းပိုင်းကျန်းမာရေးကလည်း အရေးကြီးပါတယ်။ တကယ်တော့ အသားအရေကြည်လင်ရန်အတွက် ဈေးကြီးတဲ့ Product တွေ အသုံးပြုတာထက် အသားအရေ ထိန်းသိမ်းမှုကို ပုံမှန်လုပ်ဆောင်ပေးခြင်းက ပိုအရေးကြီးပါတယ်။ ကြည်တောက်ရှင်းအသားအရေ ရရှိရန်အတွက် လွယ်ကူရိုးရှင်းတဲ့ နည်းလမ်းတွေကို ဖော်ပြပေးလိုက်ပါတယ်။ ညဘက်မှာ Makeup နဲ့ နေလောင်ကာ ခရင်မ်တွေကို ဖယ်ရှားဖို့ Oil-based Cleanser တစ်ခုခုနဲ့ အရင်သန့်စင်ပြီးမှ မျက်နှာသစ်ဆေးနဲ့ ထပ်သစ်ပါ။ တစ်ပတ်ကို တစ်ကြိမ် (သို့မဟုတ်) နှစ်ကြိမ် Chemical Exfoliator (AHA/BHA) သုံးပေးရင် အသားအရေက ညစ်နွမ်းမနေဘဲ ကြည်လင်လာပါလိမ့်မယ်။ မျက်နှာအသားအရေကို ပုံမှန်ဂျေး(ကြေး)ချွတ်သန့်စင်ခြင်းအားဖြင့် အသားအရေပေါ်က ဆဲလ်သေတွေနဲ့ ချွေးပေါက်ထဲက အဆီ ဖုန်နဲ့ အညစ်အကြေးတွေကို အတွင်းပိုင်းထိ သန့်စင်ပေးတာကြောင့် Skin Care ပစ္စည်းတွေရဲ့ အာနိသင်ကို ပိုပြီးထိရောက်စေပါတယ်။ အသားအရေ ရေဓာတ်ပြည့်ဝဖို့အတွက် Toner/Essence ကို နေ့စဉ်သုံးပေးပါ။

အသားအရေညစ်နွမ်းရခြင်းရဲ့ တရားခံ နောက်တစ်ခုက နေရောင်ခြည်ပါ။ အိမ်ထဲမှာပဲ နေနေ၊ မိုးရွာနေပါစေ နေလောင်ကာခရင်မ် (SPF 30+)ကို နေ့တိုင်း လိမ်းပေးပါ။ ဒါမှ နေရောင်ခြည်ကြောင့်ဖြစ်ပေါ်တဲ့ အမည်းစက်၊ အရေးအကြောင်းတွေ သက်သာပြီး အသားအရေ တညီတညာတည်း ဖြစ်မှာပါ။

အပေါ်ယံအရေပြားကို ပုံမှန်ထိန်းသိမ်းမှုတွေပြုလုပ်နေရုံနဲ့ မပြီးသေးပါဘူး။ ကိုရီးယားမလေးတွေလို ဘာမှမလိမ်းထားရင်တောင် ကြည်တောက်ရှင်း အသားအရေဖြစ်ဖို့က ခန္ဓာကိုယ်အတွင်းပိုင်းကပါ ကျန်းမာသန့်ရှင်းနေဖို့ လိုအပ်ပါတယ်။ ဒါကြောင့် အသားအရေ စိုပြည်ဖို့အတွက် တစ်နေ့ကို ရေနှစ်လီတာခန့် သောက်ပေးဖို့လိုအပ်ပါတယ်။ ဗီတာမင်စီ ကြွယ်ဝတဲ့ အသီးအနှံတွေ(လိမ္မော်သီး၊ နာနတ်သီး၊ စတော်ဘယ်ရီ)နဲ့ အစိမ်းရောင်ရှိတဲ့ ဟင်းသီးဟင်းရွက်တွေကို များများ စားပေးပါ။ အချိုရည်၊ ဆီကြော်စာ၊ အဆီအစိမ့်၊ အငန်တွေကို လျှော့စားပေးရန်လိုပါတယ်။ နောက်ဆုံးအရေးကြီးဆုံးအချက်ကတော့ ညဘက်မှာ အနည်းဆုံး ၇ နာရီကနေ ၈ နာရီအထိ အိပ်စက်ဖို့ပါပဲ။ အိပ်ရေးပျက်ရင် အသားအရေ ထိန်းသိမ်းမှုတွေ ဘယ်လောက်ပဲလုပ်လုပ် မျက်နှာအသားအရေက ချက်ချင်းညစ်နွမ်းသွားစေနိုင်တာကြောင့် အိပ်ရေးဝဖို့ မဖြစ်မနေ လိုအပ်ပါတယ်။



**Daisy**

## အသက် ၄၀ အရွယ် အမျိုးသမီးတွေအတွက် အလှအပထိန်းသိမ်းနည်း



အသက် ၄၀ ကျော်အရွယ် အမျိုးသမီးတွေဟာ ဟော်မုန်းအပြောင်းအလဲကြောင့် အသားအရေခြောက်သွေ့တာ၊ တင်းတိပ်နဲ့ အရေးအကြောင်းတွေ သိသိသာသာ ဖြစ်လာတတ်ပါတယ်။ ဒါကြောင့် အလှအပကို စနစ်တကျ ထိန်းသိမ်းဖို့ အောက်ပါအချက်တွေကို အဓိကထားသင့်ပါတယ်။

၁။ အသက် ၄၀ ကျော်အရွယ်မှာ အသားအရေက အစိုဓာတ် အလွန်လိုအပ်ပါတယ်။ မျက်နှာသစ်ရင် အဆီအခြေခံတဲ့ Cleanser နဲ့ အရင်ဖျက်ပြီးမှ မျက်နှာသစ်ဆပ်ပြာ သုံးပါ။ Hyaluronic Acid (သို့မဟုတ်) Ceramide ပါတဲ့ ခရင်မ်တွေကို သုံးပြီး အစိုဓာတ်ကိုထိန်းထားပါ။ ညဘက်မှာ Retinol ပါတဲ့ Skincare သုံးပေးတာက အရေးအကြောင်းတွေကို လျော့ပါးစေပြီး ဆဲလ်အသစ်ဖြစ်ပေါ်မှုကို အားပေးပါတယ်။ နေရောင်ခြည်က တင်းတိပ်ကို ပိုဆိုးစေလို့ အပြင်မထွက်လည်း နေ့တိုင်း လိမ်းပေးပါ။

၂။ အတွင်းပိုင်းက လှပရန်အတွက် အစားအသောက်က အရေးကြီးဆုံးပါ။ ငါး၊ ကြက်ဥ၊ ပဲအမျိုးမျိုးနဲ့ ဗီတာမင် C ပါတဲ့ အသီးအနှံတွေကို စားပါ။ အသားအရေ ရေဓာတ်ပြည့်ဝနေရန် တစ်နေ့ကို အနည်းဆုံး ရေ နှစ်လီတာ သောက်ပါ။ သကြားဓာတ်က အသားအရေကို တွန့်လွယ်စေပြီး အိုမင်းရင့်ရော်မှုကို မြန်စေပါတယ်။

၃။ တစ်နေ့ကို မိနစ် ၃၀ခန့် လမ်းလျှောက်တာ(သို့မဟုတ်) ယောဂလုပ်တာက သွေးလည်ပတ်မှုကောင်းပြီး အသားအရေကို ကြည်လင်စေပါတယ်။ ညဘက် ၇ နာရီကနေ ၈ နာရီအထိ အပြည့်အဝအိပ်စက်ပါ။ အိပ်ရေးပျက်ရင် မျက်ကွင်းညိုတာနဲ့ အသားအရေ ညှိုးနွမ်းတာတွေ ဖြစ်တတ်ပါတယ်။ စိတ်ပျော်ရွှင်နေခြင်းက အမျိုးသမီးတစ်ဦးကို ပိုပြီး နုပျိုစေပါတယ်။

အသက် ၄၀ ကျော်ရင် မျက်လုံးတစ်ဝိုက်က အသားအရေက ပိုပြီးပါးလာတတ်လို့ အရေးအကြောင်းတွေသက်သာအောင် Eye Cream ကိုလည်း နေ့တိုင်း မမေ့မလျော့ ထည့်သုံးပေးသင့်ပါတယ်။

**Daisy**




## အင်္ကျီလည်ပင်းပုံစံအလိုက် လိုက်ဖက်ညီမယ့် လည်ဆွဲရွေးချယ်နည်း

လက်ဝတ်ရတနာတွေ ဝတ်ဆင်ခြင်းဟာ ကိုယ့်ရဲ့အသွင်အပြင်ကို ပိုကြည့်ကောင်းအောင် ပံ့ပိုးပေးနိုင်ပါတယ်။ လက်ဝတ်ရတနာတွေဝတ်ဆင်တဲ့အခါမှာလည်း ဝတ်မယ့်အဝတ်အစားနဲ့ လိုက်ဖက်မယ့်ပုံစံမျိုးကို ရွေးချယ်တတ်ဖို့ကလည်း အရေးကြီးပါတယ်။ လက်ဝတ်ရတနာတွေထဲကမှ လည်ဆွဲ၊ ဆွဲကြိုးတွေ ဝတ်တဲ့အခါမှာ အဝတ်အစားပုံစံနဲ့ လိုက်ဖက်ညီအောင် ရွေးချယ်ဝတ်ဆင်နည်းကို ဖော်ပြပေးလိုက်ပါတယ်။

လည်ပင်းအမြင့်၊ လည်ပင်းပိတ်အင်္ကျီတွေနဲ့ဆိုရင် လည်ဆွဲအရှည် (Long Necklace) ဒါမှမဟုတ် ဆွဲသီးအကြီးပါတာမျိုးတွေက ပိုပေါ်လွင်စေပါတယ်။ ပခုံးဟိုက်တာမျိုးဆိုရင် လည်ဆွဲအသေးလေးတွေကို ထပ်ဆင့်ဝတ်တာ (Layered) ဒါမှမဟုတ် လည်ပင်းနဲ့ကပ်နေတဲ့ ဆွဲသီးအသေးလေးတွေက ပိုလှပါတယ်။ အင်္ကျီရဲ့ V ပုံစံအတိုင်း အောက်ဘက်ကို ဦးတည်နေတဲ့ လည်ဆွဲပုံစံမျိုးတွေနဲ့ အလိုက်ဖက်ဆုံးပါ။ ရင်ဘတ်အဝိုက်ပုံစံတွေနဲ့ဆိုရင် လည်ပင်းနားကပ်တဲ့ ဆွဲသီးအဝိုင်းပုံစံ ဒါမှမဟုတ် အလယ်အလတ်အရှည်ရှိတဲ့ လည်ဆွဲလေးတွေက လိုက်ဖက်ပါတယ်။ လည်ပင်းသိုင်းပုံစံတွေနဲ့ဆိုရင် လည်ဆွဲအရှည် (သို့မဟုတ်)အထပ်လိုက်ပါတဲ့ လည်ဆွဲတွေက ကြည့်ကောင်းစေပါတယ်။ ပခုံးတစ်ဖက်စောင်း အင်္ကျီတွေနဲ့ဆိုရင် ဆွဲသီးအရှည် (သို့မဟုတ်) ရိုးရိုးရှင်းရှင်း လည်ဆွဲလေးတွေက အမြင်တင့်တယ်စေပါတယ်။

**Daisy**

## အ.ထ.က(၁၈)နန်းမြို့တွင် (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲအတွက် အလှူငွေများလှူဒါန်း



**မန္တလေး မတ် ၃**

အ.ထ.က(၁၈)နန်းမြို့တွင် (၁၁)ကြိမ်မြောက် အာစရိယ ပူဇော်ပွဲကျင်းပနိုင်ရေးအတွက် အလှူငွေများ လှူဒါန်းပွဲကို မတ် ၂ ရက် မွန်းလွဲပိုင်းက ဖ၃လမ်းနှင့် ၃၆လမ်းထောင့် မဟာမြိုင်ကဖေးတွင် ကျင်းပသည်။ **(အပေါ်ပုံ)**

အလှူရှင်များမှ လှူဒါန်းငွေများကို အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီဝင် ဦးဝဏ္ဏဇင်၊ ဦးကျော်ကျော်မျိုးသန့်တို့က လက်ခံရယူကြပြီး အလှူရှင်များကိုယ်စား ဦးအောင်သိန်းဦးက ပေးအပ်ရာ အလှူရှင် ဦးဝင်းမင်းနိုင်+ဒေါ်ငြိမ်းငြိမ်းအိ(ငွေပင်လယ်စတိုး)မိသားစုက အလှူငွေကျပ်သိန်း ၂၀၊ ဗိုလ်ချုပ်ကြီးမင်းနိုင်နှင့်မောင်နှမများက ငွေကျပ် ၁၆ သိန်း၊ ဗိုလ်ချုပ်စိုးလှိုင်မိသားစုက ငွေကျပ် ၁၅ သိန်းတို့ကို အသီးသီးပေးအပ်လှူဒါန်းခဲ့သည်။

အ.ထ.က(၁၈)နန်းမြို့တွင် (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၂၆ ခုနှစ် မတ် ၂၉ ရက်တွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ကျောင်းသူဟောင်းများအနေဖြင့် အလှူငွေများ ပါဝင်လှူဒါန်းလိုပါက ကော်မတီဝင် ဦးသန်းမြင့်အောင်(ဖုန်း ၀၉-၂၀၃၅၂၇၄)၊ ဦးအောင်သိန်းဦး(ဖုန်း ၀၉-၂၀၀၄၈၆၁)၊ ဦးဝဏ္ဏဇင်(ဖုန်း ၀၉-၇၉၂၀၂၄၇၆၂)၊ မဝင်းကျော့ခိုင်(ဖုန်း ၀၉-၉၅၄၀၄၆၄၅၉)၊ မချစ်ချစ်ငြိမ်း(ဖုန်း ၀၉-၄၃၁၂၃၀၆၈)၊ ဦးကျော်ကျော်မျိုးသန့်(ဖုန်း ၀၉-၄၀၂၅၇၄၇၅၂)နှင့် ကော်မတီဝင်များထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရပြီး ကန်တော့ခံဆရာကြီး၊ ဆရာမကြီး ၁၅၀ နီးပါးကို ကန်တော့သွားမည်ဖြစ်ကြောင်း သိရသည်။

**ရွှေမန်း**

## အိုင်အိုဒင်းဆားရောင်းချမှု အရည်အသွေးစစ်ဆေးခြင်းနှင့်အသိပညာပေးခြင်းများ ဆောင်ရွက်

**ဆင်ပေါင်ဝဲ မတ် ၃**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ဆင်ပေါင်ဝဲမြို့နယ်တွင် အိုင်အိုဒင်းဆား ရောင်းချမှု အရည်အသွေးစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းကို ယမန်နေ့ နံနက် ၈ နာရီက ဆင်ပေါင်ဝဲမြို့မဈေးတွင် ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာမွန်စိုးရီ ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များနှင့်မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများက ဆင်ပေါင်ဝဲမြို့မဈေးအတွင်းနှင့် ဈေးပြင်ပရှိ ကုန်စုံဆိုင်များတွင် ရောင်းချသော အိမ်သုံးဆားများ၌ အိုင်အိုဒင်းအရည်အသွေးပြည့်မီမှုရှိ၊ မရှိစစ်ဆေးခဲ့ကြပြီး အရည်အသွေးပြည့်မီသော ဆားများကိုသာ ရောင်းချရန်၊ အိုင်အိုဒင်းဓာတ်လေလွင့်ဆုံးရှုံးမှုမရှိရေး လုံခြုံစွာ ဖုံးအုပ်အသုံးပြုကြရန်၊ အေး၍ ခြောက်သွေ့သော နေရာ၌ထားရန်၊စိုစွတ်သော နေရာမထားရန်နှင့် အိုင်အိုဒင်းဓာတ်သည် ခန္ဓာကိုယ်ကြီးထွားစေခြင်း၊ ဉာဏ်ရည်ဖွံ့ဖြိုးစေခြင်းတို့အတွက် အရေးပါသော သိုင်းရွိုက်ဟော်မုန်းထုတ်လုပ်ရာတွင် မရှိမဖြစ်သော အာဟာရဓာတ်တစ်ခုဖြစ်ကြောင်း၊ အိုင်အိုဒင်းဓာတ်ချို့တဲ့ပါက ကိုယ်ဝန်ဆောင် မိခင်များတွင် သားပျက်၊ သားလျှောခြင်း၊ ကလေးအသေမွေးဖွားခြင်း စသည့်ရောဂါများ ခံစားရနိုင်ကြောင်းကို အသိပညာပေးပြောကြားခဲ့ကြောင်း သိရသည်။



(အပေါ်ပုံ)

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

## ပြင်ဦးလွင်မြို့နယ်ရှိ ဝါးနက်အပန်းဖြေဆင်စခန်းသို့ လာရောက်လည်ပတ်သူများပြား၊ ဆင်စာဘူဖေးကျွေးမွေး


**ပြင်ဦးလွင် မတ် ၃**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ မန္တလေး-ပြင်ဦးလွင်လမ်းမှ ၅မိုင် ၅ဖာလုံအကွာ၊ ရဲရွာရေအားလျှပ်စစ်စက်ရုံလမ်းပေါ်ရှိ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနပိုင် ဝါးနက်အပန်းဖြေဆင်စခန်းသို့ အများပြည်သူ အလုပ်ပိတ်ရက်ရှည်ဖြစ်သော မတ် ၁ ရက်နှင့် ၂ရက် (တပေါင်းလပြည့်)နေ့ တစ်ပိုက်မှပြည်သူများ လာရောက်များတွင် မန္တလေးမြို့နှင့် အနီး အပန်းဖြေကြပြီး ဆင်စီးခြင်း၊ ဆင်စခန်းဥယျာဉ်အတွင်း လည်ပတ်ခြင်း၊ ဆင်စာဘူဖေးကျွေးခြင်းဖြင့် ကုသိုလ်ပြုကြသည်။(ဝဲပုံ)



ဝါးနက်အပန်းဖြေဆင်စခန်းရှိ ဆင်ကြီးရှစ်ကောင်၊ ဆင်ကလေးသုံးကောင် စုစုပေါင်းဆင် ၁၁ကောင်အတွက် မတ် ၁ ရက်တွင် ဂျပန်နိုင်ငံနေ Saai Philipu ဆင်စာဘူဖေးအသီးအနှံ ငွေကျပ်တစ်သိန်းဖိုးကို လည်းကောင်း၊ မတ် ၂ ရက်တွင် မန္တလေးမြို့နေ ဒေါ်ယုဇနက မွေးနေ့အထိမ်းအမှတ်အဖြစ် ဆင်စာဘူးဖေးအသီးအနှံ ငွေကျပ်တစ်သိန်းဖိုးနှင့် ဆင်စာစပါးငွေကျပ်ငါးသောင်းဖိုး ကျွေးမွေးလှူဒါန်းခဲ့သည်။

ဝါးနက်ဆင်စခန်းမှ ဆင်ကလေးများအား အနီးကပ်လေ့လာခြင်း၊ ဆင်ရေချခြင်း၊ ဆင်အကြောင်း ဆင်ပြတိုက်တွင် ရှင်းပြခြင်းစသည့်ဝန်ဆောင်မှုများ ပေးသည်။ ဆင်စာဘူဖေးကျွေးမွေးလှူဒါန်းလိုပါက ဖုန်း ၀၉-၄၃၀၅၄၀၃၈၊ ၀၉-၇၅၄၀၅၂၈၀၃ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(၀၄၅)**



ပတ်စရာ၊ မှတ်စရာ
စုံလင်
ယုဇနလေး

## ရွှေနွယ်ယိုးမှား ဦးပိန်တံတား

* ရွှေမင်ဆေးရှင် စံပျော်ခင်ဖက်
ငွေမင်လက်လျက် ခန်းဆက်ရာကျော်
မိုင်ခေါ်နီးပါး ရှည်လျားအတိ
လျှောက်လမ်းအရှိန့် ။

* ခေါင်ကြောင်းညီညာ တစ်ဝက်မှာကား
ဝေ့ကာစင်းလျက် ကြာဖူးယှက်သဏ္ဍာန်
ကွေးသည့်ဟန်မှာ နွယ်ကြာအလား
ထင်မှားလောက်ပေ တံတားအရှည်
ဟိုဝေးမှာလေ ခပ်ရေးရေးထွေ
တောင်သမန်မြေဆိုတဲ့ ရွာကလေးရေ ။

* လျှောက်ထားပြန်ပါသည် မမောက်ကြွားအမှန်ကဗျာစီလို့
ဝဲ၊ယာညီရှခင်းအလှနဲ့ လယ်ယာခင်း မြရောင်သန်းတယ်
စိမ်းမြမြလွှမ်းပြန် အင်းကြီးတောင်သမန်မှာ
တံလျှပ်ရောင်ပြန် ရေခင်းဟန်နွဲ့နွဲ့
ငှက်လေ့ဖွဲ့တို့ ဘယ်၊ညာတောင်ခတ်
ရေပြင်ပတ်ကာ ပျော်ပျော်စီးလျက် ခင်ဆွေသက်တို့
ဓာတ်ပုံလက်လို့ မြူးလျက်ပျော်သံ ငေးရပြန်သတဲ့
ဦးပိန်တံတားရဲ့ အလှတွေက အမှန် ။

* ရှေးရှေးပဝေ ပညာရည်ရင့်ရင့်
ဗိသုကာဆင့် ဉာဏ်ဖြင့် ပြုဆောင်တည်ထား
ပိုင်းလယ်ခြားလို့ အလယ်မှာနေ ရှေ့နောက်ဝေပြီး
ဝေ့ကာတည်ဆောက် ရေလှိုင်းခွဲဖောက်
လေနောက်မလန် ခံနိုင်ရန်မှာ သဘာအမွန် တုပြိုင်မှုရင်း
ဉာဏ်တွေးသင်းလျက် မြေထဲအနက် ထူးချက်ခိုင်မာ
ဘောင်ကာကျောပေး သုံးလံဝေမျှလို့
မြေသို့ပေါ်စေ တည်ဆောက်လေတည့်
ငွေမင်ရောင်အလား ဦးပိန်တံတား ။

* ပိန်ပါးမြင့်မားခေါင် ဝဥာဘောင်နန်း လျှောက်လှမ်းရင်းမှာ
ကြည်သာအေးမျှ သဘာဝအလှနဲ့
စိမ်းမြလယ်ယာ ရေပြာသင်ခင်း
တောင်သမန်အင်းရဲ့ ရှုခင်းသာစွ ပသာဒက
မောလှမြေစရာ တောင်မြို့မှာသာ တွေ့ပေညားတည်း
မြိန်စွာဦးခွေ့ စိတ်ရင်မွေ့ဖွယ်
'ရွှေနွယ်ယိုးမှား' ဦးပိန်တံတား ။ ။

**ကိုလေးဖုန်း(အမရပူရ)**

# မဟာမြိုင်(၁)ရပ်ကွက် ဘုံဆွမ်းလောင်းအသင်း အကြိမ်(၄၀)မြောက် ဘုံဆွမ်းလောင်းလှူ



**မန္တလေး မတ် ၃**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်ပြည်သူများ ဘုံဆွမ်းလောင်းအသင်း၏ အကြိမ်(၄၀)မြောက် ဘုံဆွမ်းလောင်းလှူပွဲကို တပေါင်းလပြည့်နေ့ နံနက် ၅ နာရီက ၃၅ လမ်းနှင့် ၆၉ လမ်းထောင့်တွင် ကျင်းပသည်။

ဘုံဆွမ်းလောင်းလှူရာတွင် လေးပြင်လေးရပ်မှ ကြွရောက်တော်မူလာကြသော သံဃာတော်နှင့် သာမဏေ အပါး ၃၅၀ ကျော်အား ဆွမ်း၊ ကြက်သားဟင်း၊ သရက်ချဉ်သုပ်၊ ဆပ်ပြာမှုန့်ထုပ်နှင့် သံဃာတော်နှင့် သာမဏေတစ်ပါးလျှင် နဝကမ္မဝတ္ထုငွေကျပ် ၁၀၀၀ စီကို လောင်းလှူကြပြီး နဝကမ္မဝတ္ထုငွေကျပ် ၁၅၀၀၀၀ နှင့် သင်္ကန်း ၁၅ စုံတို့ကို စာရေးတံမဲဖောက်၍ ဘုံဆွမ်းလောင်းအသင်းတည်ထောင်သူ ဦးနေမင်းဦး+ဒေါ်ယုယုဇော် (ပီတိသုခ) မိသားစု၊ ဝက်သားအလှူရှင် ဦးမျိုးဝင်း+ဒေါ်အိအိချော(ကောင်းထက်မဟာနှင့် ကာဗာတိုင်းပြည်) မိသားစုများ၊ ဦးအောင်သန်းလှိုင်+ဒေါ်နန်းနီနီဝင်းမိသားစု၊ ဦးရုံးရွှေ+ဒေါ်မိုးသန္တာအောင်(ရွှေသစ်ပင်ဟိုတယ်)မိသားစု၊ ဦးသာအေး+ဒေါ်တင်ရီတို့အား ရည်စူး၍ ဦးသိန်းတန်နှင့် သားသမီးမြေးတစ်စု၊ ဦးမြင့်လွင်+ဒေါ်ခင်ချိုဝင်းမိသားစု၊ ဦးချိန်စီ+ဒေါ်တွမ်ဟိုက်လန့်တို့အား အမှူးထား၍ မောင်ကျော်သက်ဦးနှင့် မောင်နှမတစ်စု၊ ဦးရိမ်ပါထိုင်+ဒေါ်သွယ်သွယ်လှတို့အား ရည်စူး၍ ဦးပြည့်စုံကိုကိုနှင့် ညီအစ်ကိုမောင်နှမတစ်စု၊ ဦးဇော်ထွန်း+ဒေါ်နန်းရတနာ(မိုးပန်တော်ဦး အမျိုးသမီးအဆောင်) မိသားစုများ၊ ဦးစံသာ+ဒေါ်အုန်းစိန်တို့အား ရည်စူး၍ သားသမီးမြေးတစ်စု၊ Golden Key Cafe မိသားစုများ၊ ဒေါ်မေသဇင်ဦးမိသားစု၊ ဦးမင်းကိုကိုနှင့် ဇနီးမိသားစု၊ ဦးမျိုးသန့်စင်+ဒေါ်စန္ဒာမင်းမိသားစု၊ ဦးကျော်ဝင်းစိန်+ဒေါ်အေးအေးဆွေ၊ (သမီး) မဝင်းမာလာကျော်(တိမ်လွှာအလှပြင်ဆိုင်)မိသားစု၊ ရပ်ကွက်နေပြည်သူများ၊ ဘုံဆွမ်းလောင်းအသင်းသား၊ အသင်းသူများက လောင်းလှူခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)(ဝ၄ဝ)**

# ခနုံးကျေးရွာအုပ်စု၏ နှစ်(၁၀၀)ပြည့် သံဃာ့ဒါနဆွမ်းလောင်းပွဲတော် ကျင်းပ

**အမရပူရ မတ် ၃**

မန္တလေး၊ အမရပူရမြို့နယ်၊ ခနုံးကျေးရွာအုပ်စု၏ နှစ်(၁၀၀) ပြည့် သံဃာ့ဒါနဆွမ်းလောင်းပွဲတော်ကို ၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်နေ့ နံနက်ပိုင်းတွင် အတိစိတ္တသုခ ဓမ္မဗိမာန်တော်၌ ခနုံးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးကျော်မြတ်ခိုင် ဦးစီး၍ ခနုံးကျေးရွာအုပ်စုအတွင်း နေထိုင်ကြသော အလှူ့ဒါယကာ၊ ဒါယိကာမများက ပင့်သံဃာ ၁၀၁ ပါးတို့အား အရဏ်ဆွမ်းဆက်ကပ်လှူဒါန်းပြီး ဆွမ်း၊ ဆွမ်းဟင်းနှင့် တကွ ပစ္စည်းလေးပါးတို့အား လောင်းလှူခဲ့ကြသည်။

**(အောက်ပုံ)**

ထို့နောက် ခနုံးကျေးရွာအုပ်စု သံဃနာယက အေးငြိမ်းချမ်းသာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ အင်္ကုရဉာဏထံမှ လှူဒါန်းမှုအစုစုအတွက် ဩဝါဒကထာ တရားနာယူကြည်ညိုခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၃)**



# လောကထွဋ်တင်စေတီတော်မြတ်ကြီး၏ (၁၉)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပ



**တံတားဦး မတ် ၃**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ တံတားဦးမြို့နယ် သူငယ်တော် တောရကျောင်းတွင် တည်ထားကိုးကွယ်ထားသည့် လောကထွဋ်တင် စေတီတော်မြတ်ကြီး၏ (၁၉)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို အဆိုပါကျေးရွာ တောရဘုန်းတော်ကြီးကျောင်းအတွင်းရှိ ဘုရားပရဝဏ်အတွင်း၌ ကျင်းပခဲ့သည်။

လောကထွဋ်တင်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်တွင် သူငယ်တော်ကျေးရွာ၊ ရေကမိုးကျေးရွာ၊ စကားအင်းကျေးရွာ၊ သင်ပန်းကျေးရွာ၊ ခေါင်းကွဲကျေးရွာ အစရှိသော ရပ်နီးရပ်ဝေးမှ ကျေးရွာများက ဘုရားကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်အတွက် ဆွမ်း၊ ဆွမ်းဟင်း၊ ရေချမ်း၊ ပန်းများ၊ သစ်သီးမျိုးစုံများ၊ မုန့်မျိုးစုံများ ကိုင်ဆောင်၍ ဘုရားအား အာရုံပြုပြီးလျှင် မိမိတို့ကျေးရွာအတွင်း လှည့်လည်ပူဇော်ကြပြီး သူငယ်တော်တောရကျောင်းသို့ သွားရောက်ကာ အဆိုပါဘုရားကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ကြသည်။ ထို့နောက် ဒါယကာ၊ ဒါယိကာမများက လောကထွဋ်တင်စေတီတော်မြတ်ကြီးအတွင်းရှိ မုဒြာပုံသဏ္ဌာန်ကွဲလွဲသည့် ထိုင်တော်မူပုံရုပ်ပွားတော်လေးဆူအား ဆွမ်းအစရှိသော လှူဖွယ်များကို ဆက်ကပ်လှူဒါန်းကြကာ သူငယ်တော်တောရ နာယကဆရာတော် ဘဒ္ဒန္တ ထာဝရမောဠိထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။**(အပေါ်ဝဲပုံ)**

သူငယ်တော်တောရကျောင်း တည်ထောင်ခဲ့သည်မှာ (၃၆)နှစ်မြောက်ရှိသော်လည်း လောကထွဋ်တင် စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပသည့်နှစ်မှာ (၁၉)နှစ်ရှိပြီဖြစ်ပါကြောင်း၊ ဒါ့အပြင် စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်အထိမ်းအမှတ်အဖြစ် သာသနာ့လင်္ကာရအကျော်စာအောင်ဆု ပေးအပ်ချီးမြှင့်ပွဲကို နှစ်စဉ် တပေါင်းလပြည့်နေ့ နံနက်ပိုင်းတွင် လောကဝိမုတ္တိသိမ်တော်၌ (၁၇)ကြိမ်မြောက် ဆက်လက်ကျင်းပ ဆက်ကပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(၄၀၉)**

# တစ်နေ့တာဆွမ်းအတွက် အလှူငွေလှူဒါန်း

**မန္တလေး မတ် ၃**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီးပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ အလှူရှင် မန္တလေးမြို့၊ ဘုရားကြီးအရှေ့မုခ်နေ ဖခင် ဦးသိန်းထိုက်+မိခင် ဒေါ်တင်ရီ၊ အဒေါ် ဒေါ်စန်းရီ၊ ခင်ပွန်း ဦးမြဝင်းတို့အားရည်စူး၍ ထွန်းပရောင်ခြည်သင်္ကန်းတိုက်မိသားစုတို့က တစ်နေ့တာဆွမ်းအတွက် ငွေကျပ် ခြောက်သိန်းကို လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့မှ လက်ခံရယူသည်။ လှူဒါန်းလိုပါက ဆက်သွယ်ရန်ဖုန်း ၀၉-၄၀၂၆၂၆၃၂၄ သို့ တိုက်ရိုက်စုံစမ်းမေးမြန်း၍ လှူဒါန်းနိုင်ကြောင်း သိရသည်။

**(အောက်ပုံ) (ကဆ)**



# ယာယီနေရပ်စွန့်ခွာသူများအား နီပွန်ဖောင်ဒေးရှင်းမှ ဆန်အိတ်များထောက်ပံ့

**အမရပူရ မတ် ၃**

မန္တလေး၊ အမရပူရမြို့နယ်၊ ဆင်စွယ်ပွတ်ရပ်ကွက်၊ မဟာဂန္ဓာရုံကျောင်းတိုက်ရှိ ကျွေးမွေးဆောင်တွင် ယမန်နေ့ မွန်းလွဲ ၁နာရီခွဲက ဆင်စွယ်ပွတ်၊ မှန်တန်း၊ ရွှေဥမ်းထုပ်၊ ဈေးချို၊ လေးစုရပ်ကွက်များအတွင်းရှိ ယာယီနေရပ်စွန့်ခွာသူများအား နီပွန်ဖောင်ဒေးရှင်းမှ ဆန်အိတ်များ ထောက်ပံ့ပေးအပ်ပွဲ ကျင်းပသည်။

ရှေးဦးစွာ အမရပူရမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒုတိယဦးစီးမှူး ဦးနေလင်းအောင်က ဆန်များထောက်ပံ့ပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် လူတစ်ဦးလျှင် ဆန် ၁၂ ပြည်ဆံ့အိတ် တစ်အိတ်နှုန်းဖြင့် လူဦးရေ ၆၆၅ ဦးအတွက် ဆန်အိတ် ၆၆၅ အိတ်ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**စိုးသီဟ(အမရ)**

ဝ-ဝ-ဝ-ဝ-ဝ



# မဟာလောကရန်နိမ် အောင်တော်မူမြတ်စွာဘုရား မကိုဋ်တော်တွင်ပူဇော်ရန် လည်ဆွဲလှူဒါန်း

**မန္တလေး မတ် ၃**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ ၆၃လမ်း၊ ၂၈လမ်းနှင့်၂၉ လမ်းကြားရှိ မဟာလောကရန်နိမ် အောင်တော်မူမြတ်စွာဘုရားသို့ အလှူရှင်များက လာရောက်လှူဒါန်းလျက်ရှိရာ မတ် ၂ ရက် နံနက် ၉ နာရီက အလှူရှင် ဦးရှိ+ဒေါ်အေးစောတို့အား ရည်စူး၍ မန္တလေး၊ ၂၈လမ်းနှင့် ၂၉လမ်းကြား၊ လမ်း၈၀နှင့် ၈၁လမ်းကြား၊ ရှေ့တော်ပြေးဝင်းနေ (သမီး) ဒေါ်စိန်ရွှေ၊ ဒေါ်ခင်ကြည်၊ ဦးလှမောင်+ဒေါ်ခင်ဌေး၊ ဦးတင်ဝင်း+ဒေါ်ရီရီမြတ်မိသားစုက မဟာလောကရန်နိမ် အောင်တော်မူမြတ်စွာဘုရား မကိုဋ်တော်တွင် တပ်ဆင်ပူဇော်ရန်အတွက် ငွေကျပ် ၉၀၀၀၀၀၀ တန်ဖိုးရှိ ရွှေနှင့် နီလာကျောက်ပါ လည်ဆွဲတစ်ခုနှင့် သာသနာ့ဗိမာန်တော်ဆောက်လုပ်ရန်အတွက် ငွေကျပ်တစ်သိန်းတို့ကို လှူဒါန်းရာ ဂေါပကအဖွဲ့အတွင်းရေးမှူး ဦးသန့်ဇော်မင်း၊ တွဲဖက်အတွင်းရေးမှူး ဦးစိုးလွင်နှင့် တွဲဖက်ဘဏ္ဍာရေးမှူး ဦးဝင်းရွှေတို့က လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။ **(အပေါ်ပုံ)**

အဆိုပါဘုရားသို့ လှူဒါန်းလိုပါက ဖုန်း ၀၉-၇၈၈၃၅၀၇၅၀၊ ၀၉-၉၇၀၃၉၅၆၉၆နှင့် ၀၉-၇၉၇၂၃၅၂၅၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(ကဆ)**

# ဖတ်ပါမှတ်ပါ လေ့လာပါ



နိုင်ငံတစ်နိုင်ငံ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ ကမ္ဘာ့နိုင်ငံများနှင့်အတူတကွ ယှဉ်တွဲရပ်တည်နိုင်ရေးသည် ယင်းနိုင်ငံ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ စီမံအုပ်ချုပ်ရေး၊ ကူးသန်းရောင်းဝယ်ရေး၊ ကုန်ထုတ်စွမ်းအားမြင့်မားရေးနှင့် ဆက်သွယ်ရေး စသည်တို့တွင် အခြေပြု၍နေသည်။ ဆိုလိုသည်မှာ ယင်းနိုင်ငံရှိ နိုင်ငံသားတို့၏ ထက်မြက်သည့် စွမ်းဆောင်မှု၊ ထူးချွန်သည့် စီမံဆောင်ရွက်မှု၊ တိုးတက်သည့် ခေတ်မီနည်းပညာများကို အသုံးချနိုင်မှု၊ စည်းကမ်းလိုက်နာမှုနှင့် ဘက်စုံထူးချွန်သော လူ့စွမ်းအားအရင်းအမြစ်များကို ပိုင်ဆိုင်ထားရှိမှုတို့အပေါ်တွင် အဓိက အမှီပြုနေပါသည်။

ခေတ်မီနိုင်ငံတော်ကြီးကို ပီပီပြင်ပြင် တည်ဆောက်နိုင်ရေးအတွက် တိကျသော ဦးတည်ချက်၊ ခိုင်မာသောရည်မှန်းချက်နှင့် မြင့်မားသည့် မျှော်မှန်းရလဒ်များကို ပိုင်ဆိုင်ထားကြသည်။ အမိမြန်မာနိုင်ငံတော်၏ လူမှုရေးဦးတည်ချက်တစ်ရပ်ဖြစ်သော **'နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး၊ ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး'** ဟူ၍ အခိုင်အမာ ချမှတ်ထားပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါ ဦးတည်ချက်တွင် လူငယ်များသည် နိုင်ငံတော်ကြီး၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကစွမ်းအားစုများအဖြစ် ဖော်ပြထားပေသည်။ လူငယ်ထု၏ အင်အားသည် နိုင်ငံတော်၏ စွမ်းအားဖြစ်သည်။ မြင့်မားသော စွမ်းဆောင်မှုများနှင့် ဘက်စုံထူးချွန်သော လူ့စွမ်းအားအရင်းအမြစ်သည် လူငယ်ထုအတွင်းမှာ ရှိနေသည်။ လူငယ်ထုသည် ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တနှင့် ဘောဂဗလတည်းဟူသော ဗလငါးတန်တို့နှင့် ပြည့်စုံကြရမည်။ ထို့ကြောင့် လူငယ်ကဏ္ဍကို မြှင့်တင်ရန်၊ လူငယ်တို့အား လေ့ကျင့်ပေးရန်၊ ဗလငါးတန် ပြည့်ဝပြည့်လျှံ၍ လူ့အဖိုးတန်များ ဖြစ်လာစေရန် လုပ်ဆောင်ပေးကြရမည်။

ဦးတည်ချက်နှင့်အညီ ထူးချွန်ထက်မြက်သည့် လူငယ်များကို မွေးထုတ်ပေးကြရမည်။ ဗလငါးတန်ပြည့်စုံကြ၍ အုပ်ချုပ်မှုစွမ်းရည်၊ စီမံခန့်ခွဲမှုစွမ်းရည်၊ ခေါင်းဆောင်မှုစွမ်းရည်၊ စွန့်ဦးတီထွင်မှုစွမ်းရည်၊ တွေးခေါ်ကြံဆမှုစွမ်းရည်၊ နည်းပညာများ အသုံးချနိုင်မှုစွမ်းရည်တို့နှင့် အစစအရာရာ ပြည့်စုံကြသူများ ဖြစ်လာရမည်။ ဤသို့ ဖြစ်လာကြစေရန်အတွက် လူငယ်များ၊ မိဘနှင့် ဆရာ၊ ဆရာမများ၊ စီမံဆောင်ရွက်သူများက ဟန်ချက်ညီညီ အားမာန်ချီ၍ လုပ်ဆောင်ကြရပေမည်။ တစ်ဦးကောင်း၊ တစ်ယောက်ကောင်း မဖြစ်စေရပါ။ လူငယ်ထုတစ်ရပ်လုံးသည် အချိုးညီညီ တိုးတက်လာစေရပါမည်။

ပထမအရွယ် ပညာသင်ယူစအရွယ်မှစ၍ လူငယ်တို့၏ ပညာရေးကို မြှင့်တင်ပေးရမည်။ ကျောင်းနေအရွယ် ကလေးငယ်အားလုံး ကျောင်းတက်စေရမည်။ စာသင်ခန်းများသည် လူငယ်တို့၏ ကမ္ဘာ၊ လူငယ်တို့၏ လေ့ကျင့်ရာနေရာ၊ စာပေပို့ချပေးရာအခန်း၊ စာရိတ္တပြုပြင်ပေးရာဂေဟာ၊ မိတ္တဗလဋ္ဌီကာ ပြုလုပ်ပေးသည့် နေရာများ ဖြစ်ရပါမည်။

ပညာရေးဌာနမှ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများအားလုံးက ပြင်ဆင်သတ်မှတ်ထားပြီးဖြစ်သော သင်ရိုးညွှန်းတမ်းအသစ်များအတိုင်း ကျောင်းသားဗဟိုပြုသင်ပြနည်းကို လက်တွေ့ကျင့်သုံးကြသည်။ ကျောင်းသားတို့၏ တွေးခေါ်မြော်မြင်မှုများကို လမ်းဖွင့်ပေးသည်။ ဆရာ့ထက်တော်သော ဆရာ့ထက် ပို၍တတ်သိသော တပည့်များဖြစ်သည်အထိ လေ့ကျင့်ပေးကြရမည်။ ဆရာက တစ်ထွာပြလျှင် တစ်လံအထိ သိမြင်သည့် တပည့်မျိုး ဖြစ်စေရမည်။

ဥပမာ- ကျွန်တော့်အကြောင်းကို စာစီစာကုံးရေးခိုင်းသည်ဆိုပါစို့။ ရှေးယခင်ကကဲ့သို့ ဆရာ၊ ဆရာမတို့ ချထားပေးသည့် အကြောင်းအရာများအတိုင်း ကျက်မှတ်၍ ရေးသားခြင်းမျိုးကို ရှောင်ဖယ်ကြပြီး ကျောင်းသားကိုယ်တိုင် ခံစားပြီး ရေးသားမှု၊ မိဘတို့အပေါ် မိမိတို့၏ချစ်ခင်မှု၊ နေ့စဉ်လုပ်ဆောင်မှု၊ မိသားစု၏ စိတ်နေသဘောထား စသည်ဖြင့် 'ဖွင့်ဆိုရှင်းပြရေးနည်း'ကို လမ်းဖွင့်ပေးသည်။ ကိုယ်တိုင်စိတ်ကူးဖြင့် ရေးသားစေသည်။

လူငယ်လူရွယ်တို့အတွက် ယင်းတို့၏အသက်အရွယ်နှင့် တွေးခေါ်ကြံဆမှုကို အခြေပြု၍ သိသင့်သိထိုက်သည့် ဗလငါးတန်ကို ရှင်းပြရမည်။ အဓိကရည်ရွယ်သည်မှာ- **ယနေ့လူငယ် ကလေးများ၏ ကိုယ်ကာယ ကြံ့ခိုင်ကျန်းမာမှုစွမ်းအား (ကာယဗလ)၊ ဉာဏ်ပညာ အင်အားကြီးမားမှုစွမ်းအား(ဉာဏဗလ)၊ ကိုယ်ကျင့်တရားမြင့်မားမှု သိက္ခာသမာဓိပြည့်ဝမှု ကိုယ်ကျင့်သီလစောင့်သိမှုစွမ်းအား(စာရိတ္တဗလ)၊ ပေါင်းသင်းဆက်ဆံမှု မိတ်ကောင်းဖော်မွန်များ ရှိနေမှုစွမ်းအား(မိတ္တဗလ) နှင့် ပစ္စည်းဥစ္စာဓန ကြွယ်ဝလာစေမှုအင်အား (ဘောဂဗလ)တည်းဟူသော ဗလငါးတန်** ပြည့်လျှံ၍ ကြွယ်ဝလာကြစေရန်အတွက် အဓိက ရည်ရွယ်ပါသည်။

ဖော်ပြပါ ဗလငါးတန်နှင့် ပြည့်စုံကြစေရန် မည်ကဲ့သို့ လေ့ကျင့်ကြရမည်။ မည်သည်တို့ကို လေ့လာကြရမည်။ ကျန်းမာရေးနှင့် ဉာဏ်ရည်ထက်မြက်မှု၊ စူးစမ်းဆင်ခြင်မှုနှင့် စိတ်ပိုင်းဆိုင်ရာ၊ အကျင့်စာရိတ္တနှင့် စိတ်ကောင်း၊ စေတနာကောင်း၊ အပေါင်းအသင်း၏ အဆိုးအကောင်း၊ လူကောင်းလူတော်နှင့် လူယုတ်မာ၊ မြင့်မြတ်စိတ်ထားဟူသည်၊ စိတ်ရင်းကောင်းသူများ၏ လုပ်ဆောင်မှု၊ အများ၏အကျိုးကို သယ်ပိုးဆောင်ရွက်လိုမှု၊ ပြည်ထောင်စုစိတ်ဓာတ်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေး၊ အမျိုးဘာသာသာသနာစောင့်ရှောက်မှု စသည်တို့ကို လူငယ်ထုအတွင်းသို့ ရှင်းလင်းပြောကြားပေးရမည်။ ဗလငါးတန်ကို သိရှိကြစေရန် ဥပမာပြ၍ သင်ကြားခြင်း၊ စာအုပ်၊ စာပေများကို လေ့လာစေခြင်း၊ စာဖတ်သည့် အလေ့အကျင့်ကို ပြုစုပျိုးထောင်ပေးခြင်းတို့ လုပ်ဆောင်ပေးရန် လိုအပ်သည်။




**အသိပညာအလိမ္မာ စာအုပ်၊ စာပေမှာ ရှာဖွေရမည်။ စာဖတ်သည့် အလေ့အကျင့်ကောင်းကို လူငယ်တို့မှာ ကိန်းအောင်းမှုရှိနေရမည်။ စာအုပ်များသည် လူငယ်တို့နှင့် ရင်းနှီးနေရမည်။ လူငယ်တို့ အချိန်ကို အကျိုးရှိရှိ အသုံးချစေလိုသည်။ အချိန်ကို တန်ဖိုးထားကြစေလိုသည်။ စာဖတ်ခြင်းမှ အသိပညာ ဗဟုသုတ တိုးပွားစေပါသည်။ ယင်းအသိပညာတို့မှ မိမိတို့ဘဝ တိုးတက်ရာကို လုပ်ဆောင်ကြရမည်။**

အလိမ္မာ စာမှာရှိသည်။ စာပေမြင့်မှ လူမျိုးတင့်မည်။ စာပေ၏စွမ်းအား၊ စာပေ၏ ထက်မြက်မှု၊ စာကောင်းပေမွန်တို့ကြောင့် ဇာတိသွေး ဇာတိမာန်တက်ကြွလာပုံ၊ စာပေကဗျာတို့၏ လှုံ့ဆော်မှုကြောင့် စည်းလုံးညီညာ အောင်ကြောင်းဖြာရပုံ၊ စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကို လူငယ်တို့ သိမြင်လာ၍ သဘောပေါက်နားလည်လာစေရန် လိုအပ်သည်။

အသိအလိမ္မာနှင့် ပညာဗဟုသုတကို စာဖတ်ခြင်းမှရရှိနိုင်ပုံ၊ စာဖတ်ခြင်းမှတစ်ဆင့် စိတ်ပိုင်းဆိုင်ရာ ရင့်ကျက်လာပုံ၊ စာပေဖြင့် လူမှုဘဝ တိုးတက်မြင့်မားလာရပုံ၊ စာပေအသိဖြင့် မြင့်မြတ်စိတ်ထားရရှိလာပုံ၊ စာပေမှသည် အများအကျိုးကို သယ်ပိုးလိုစိတ် တိုးမြင့်လာရပုံ၊ စာကောင်းပေမွန်ကို ဖတ်ရှုခြင်းမှ ယဉ်ကျေးလိမ္မာလာပုံ၊ စာရိတ္တမြင့်မားလာပုံ၊ စာတတ်ပေတတ် ပညာတတ်ခြင်း၏ အကျိုးထူးများ ခံစားရပုံ စသည်တို့ကို လူငယ်ထုသို့ သေသေချာချာ ရှင်းပြပေးရမည်။ စာအုပ်၊ စာပေသည် လူတို့၏ မိတ်ဆွေအစစ်ဖြစ်သည်ကို သိရှိနားလည်ကြရမည်။

အသိပညာအလိမ္မာ စာအုပ်၊ စာပေမှာ ရှာဖွေရမည်။ စာဖတ်သည့် အလေ့အကျင့်ကောင်းကို လူငယ်တို့မှာ ကိန်းအောင်းမှုရှိနေရမည်။ စာအုပ်များသည် လူငယ်တို့နှင့် ရင်းနှီးနေရမည်။ လူငယ်တို့ အချိန်ကို အကျိုးရှိရှိ အသုံးချစေလိုသည်။ အချိန်ကို တန်ဖိုးထားကြစေလိုသည်။ စာဖတ်ခြင်းမှ အသိပညာဗဟုသုတ တိုးပွားစေပါသည်။ ယင်းအသိပညာတို့မှ မိမိတို့ဘဝ တိုးတက်ရာကို လုပ်ဆောင်ကြရမည်။

ရှေးခေတ်အခါက စွန့်ဦးတီထွင်သူတို့၏ အကျိုးကျေးဇူးများကြောင့် ယနေ့ကမ္ဘာကြီး အဆင့်ဆင့်တိုးတက်ပြောင်းလဲလာခဲ့ပုံ၊ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်မှသည် နျူကလီးယားခေတ်၊ အိုင်တီခေတ်သို့ အဆင့်ဆင့်ပြောင်းလဲလာခဲ့ပုံကို စာအုပ်တွေမှာ တွေ့ရမည်။ လှည်းခေတ်၊ လှေခေတ်၊ စက်ဘီး၊ မော်တော်ကားခေတ်မှသည် လေယာဉ်ပျံခေတ်၊ အာကာသထဲသို့ ဂြိုဟ်တုများ လွှတ်တင်နိုင်သောခေတ်၊ မီးကို စတင်အသုံးပြုသည်မှ လျှပ်စစ်စွမ်းအင်၊ အဏုမြူစွမ်းအင်များရရှိလာမှု၊ နည်းပညာများ အဆင့်ဆင့် တိုးမြှင့်လာမှုကို စာအုပ်၊ စာပေများမှာ တွေ့ရမည်။

စာဖတ်သည့် အလေ့အထ တိုးပွားလာမှု၊ စာဖတ်ရှိန်မြှင့်တင်မှုတို့အတွက် ပညာရေးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနများ ပူးပေါင်းကြလျက် အသိပညာပေး ဟောပြောပွဲများ၊ နံရံကပ်စာစောင်၊ စာအုပ်၊ စာစောင်များ ပြသပွဲ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာများအထိ စာကြည့်တိုက်များ ဖွင့်လှစ်၍ လူငယ်များ စာဖတ်ကြစေရန် စည်းရုံးလှုပ်ရှားမှုများကို တစ်နိုင်ငံလုံးအတိုင်းအတာအထိ လုပ်ဆောင်နေကြသည်မှာ ဝမ်းသာအားရရှိရပါသည်။

**'စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး၊ စာအုပ်၊ စာပေပြည့်စုံရေး၊ စာဖတ်ရှိန်မြှင့်တင်ရေး ပူးပေါင်းပါဝင်ကြပါစို့မနေး'။**

**ကိုကိုပံသု(ပခုက္ကူတက္ကသိုလ်)**

❖ ပါတီစုံဒီမိုကရေစီလမ်းကြောင်းလျှောက်လှမ်းရာတွင် တစ်ဦးနှင့်တစ်ဦး သဘောထားကွဲလွဲမှုများ ရှိသော်လည်း "စည်းလုံးခြင်းသည်အင်အား၊ ညီညွတ်ခြင်းသည်စွမ်းအား၊ ငြိမ်းချမ်းခြင်းသည် အလှတရား" ဆိုသည့်အတိုင်း နိုင်ငံသားတိုင်းသည် ရင်းနှီးချစ်ကြည်မှု၊ အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုနှင့် စည်းလုံးညီညွတ်မှုတို့ဖြင့် လက်တွဲကြိုးပမ်းမှသာ ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်သည့် ပြည်ထောင်စုနိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မည်ဖြစ်...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်၏ ၂၀၂၆ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်သော (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# တာချီလိတ်မြို့ မယ်ခေါင် (၂) ရပ်ကွက်၌ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများ လုပ်ကိုင်နေသည့် တရားမဝင်ပြည်ပနိုင်ငံသားများအား ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် မတ် ၃

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံး၏ လူမှုဘဝများကို ထိခိုက်ပျက်စီးစေပြီး အလုံးစုံအန္တရာယ်ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ အဖွဲ့စုံပါဝင်သော ပူးပေါင်းအဖွဲ့များဖြင့် အထူးအလေးထားတိုက်ဖျက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်နေသော ပူးပေါင်းအဖွဲ့များသည် တာချီလိတ်မြို့ မယ်ခေါင်(၂) ရပ်ကွက် မယ်ခေါင်(၂)လမ်း ဟိုတယ်လိုင်စင်ရယူထားခြင်းမရှိသော အပြည်ပြည်ဆိုင်ရာ ဟိုတယ်အမည်ရှိ အဆောက်အအုံ၌ တရားမဝင် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ လုပ်ကိုင်နေကြောင်း သတင်းအရ ယနေ့ မွန်းလွဲပိုင်းတွင် ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့ရာ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများလုပ်ကိုင်သည့် တရားမဝင် တရုတ်နိုင်ငံသား အမျိုးသား ၂၈၉ ဦး၊ အမျိုးသမီး ရှစ်ဦး ပေါင်း ၂၉၇ ဦး၊ မလေးရှားနိုင်ငံသား အမျိုးသား ၃၁ ဦး၊ အမျိုးသမီး ခုနစ်ဦး ပေါင်း ၃၈ဦး၊ ဗီယက်နမ်နိုင်ငံသား အမျိုးသား ၄၆ ဦး၊ အမျိုးသမီး ၁၁ ဦး ပေါင်း ၅၇ ဦး၊ ဖိလစ်ပိုင်နိုင်ငံသား

စာမျက်နှာ ၁၀ သို့ ○



ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ မယ်ခေါင်(၂) ရပ်ကွက်တွင် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်သူ တရုတ်နိုင်ငံသား ၃၉ ဦးအား ဖမ်းဆီးရမိမှုကို တွေ့ရစဉ်။

## ဒဂုံစတားယူနိုက်တက်အသင်းက မဟာယူနိုက်တက်အသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

ရန်ကုန် မတ် ၃

မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၂၀) အဖြစ် ယနေ့ မြန်မာစံတော်ချိန် ညနေ ၄ နာရီက ဒဂုံစတားယူနိုက်တက်အသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဒဂုံစတားယူနိုက်တက်အသင်းက မဟာယူနိုက်တက်အသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဒဂုံစတားယူနိုက်တက်အသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲချိန် ၂၁ မိနစ်တွင် ထက်ဇော်ထွန်း(OG)က သွင်းယူပေးခဲ့သည်။

ဒဂုံစတားယူနိုက်တက်အသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ပွဲစဉ်တွင် AYA Pay Man of the Match အကောင်းဆုံးကစားသမားဆုကို ဒဂုံစတားဂိုးသမား အောင်မြင့်မြတ်က ဆွတ်ခူးခဲ့သည်။

မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၂၀) ယှဉ်ပြိုင်အပြီးတွင် ဒဂုံစတားယူနိုက်တက်အသင်းက ရမှတ် ၃၈ မှတ်ဖြင့် အဆင့်(၃)နေရာတွင် ရပ်တည်ခဲ့သည်။

(NGB)

0-0-0-0-0





## ၂၀၂၀ ပြည့်နှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် စပိန်လာလီဂါ နှစ်ပွဲဆက်ရှုံးနိမ့်ခဲ့သည့် မှတ်တမ်းတစ်ရပ် ရီးရဲလ်မက်ဒရစ်အသင်း ပိုင်ဆိုင်

မက်ဒရစ် မတ် ၃

ရီးရဲလ်မက်ဒရစ်အသင်းသည် ၂၀၂၀ ပြည့်နှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် စပိန်လာလီဂါ နှစ်ပွဲဆက် ရှုံးနိမ့်ခဲ့သည့် မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

စပိန်လာလီဂါပွဲစဉ်အဖြစ် ရီးရဲလ်မက်ဒရစ်အသင်းသည် ဂီတာဖေးအသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် အိုဆာဆူနာ၊ ယခု ဂီတာဖေး အသင်းတို့အား ရှုံးနိမ့်ခဲ့ပြီးနောက် စပိန်လာလီဂါ နှစ်ပွဲဆက် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် စပိန်လာလီဂါပွဲစဉ် (၂၆)ပွဲ ယှဉ်ပြိုင်ကစားအပြီးတွင် ရမှတ် ၆၀ မှတ်ဖြင့် အဆင့်(၂)နေရာတွင် ရပ်တည်နေပြီး အဆင့်(၁)နေရာမှ ဘာစီလိုနာအသင်းနှင့် ၄ မှတ်အထိ ကွာဟနေခဲ့သည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် စပိန် လာလီဂါပွဲစဉ် (၂၇)အဖြစ် လာမည့် မတ် ၇ ရက်တွင် ဆဲလ်တာဗီဂိုအသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။ (NGB)